၂၁ ရာစု ပင်လုံညီလာခံ စတုတ္ထအကြိမ် အစည်းအဝေးကို

ဧပြီလ နောက်ဆုံးအပတ်တွင် ကျင်းပနိုင်ဖွယ်ရှိ

စာ .. ၄ သို့ »

စစ်ရှောင်အမျိုးသမီးတွေရဲ့

နေ့စဉ်တိုက်ပွဲ

စာ .. ၁၆ သို့ »

လုံ / နယ် ဝန်ကြီးဌာနမှ ဆဒုံးစစ်ရှောင် ပြည်သူများကို

တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေရာချထားပေး

စာ .. ၆ သို့ »

# မြစ်ကြီးနားသတင်း ဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို KBZ Pay ဖြင့် ငွေပေးချေပြီး
ဝယ်ယူဖတ်ရှုနိုင်ပြီ

အတွဲ (၇) အမှတ် (၅) | ‘ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ’ | (ဖေဖော်ဝါရီ ၂၈၊ ၂၀၂၀)

နှစ်ပါတ်တစ်ကြိမ်၊ ဒုတိယအစတ် ထောက်တြာ | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal



စာ .. ၃ သို့ »

## ကချင်ပြည်နယ်အတွင်း တရုတ်တစ်သျှူး ငှက်ပျောကားကြီးများ ဝင်ထွက်သွားလာနေခြင်းကြောင့်

ပြည်နယ် ဆုံးရှုံးနစ်နာမှုကို လွှတ်တော်ကိုယ်စားလှယ် မေးခွန်းထုတ်

စာ .. ၁၅ သို့ »






# မြစ်ကြီးနားသတင်းဂျာနယ်နှင့် သခင်စစ်ကုမ္ပဏီတို့

## အပြန်အလှန် တရားစွဲဆိုထားသည့်အမှု တစ်နှစ်ပြည့်မြောက်




ဖေဖော်ဝါရီ ၂၅

မြစ်ကြီးနားသတင်း ဂျာနယ်နှင့် သခင်စစ်ကုမ္ပဏီတို့ အပြန်အလှန်တရားစွဲဆိုထားသည့်အမှုမှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပြီး ထက်ဝက်ခန့် စစ်ဆေးရန်ကျန်ရှိနေသေးကြောင်း သိရသည်။

အပြန်အလှန် စွဲဆိုထားသည့်အမှုမှာကြာမြင့်ဦးမည်ဖြစ်ပြီး မြစ်ကြီးနားသတင်းဂျာနယ်မှ စွဲဆိုထားသည့်အမှုမှာ သက်သေသုံးယောက်ခန့် စစ်ဆေးပြီးစီးပါက အမှုပြီးပြတ်မည်ဖြစ်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်မှ လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းမှ ပြောသည်။

"မွန်းမွန်းပန်ဖက်ကလည်း တစ်ခြမ်းပဲ ပြီးဦးမှာ။ ဦးဒိန်ဆောင် တိုင်တဲ့ဘက်ကလည်း အဲဒီအတိုင်းပဲ။ သက်သေ သုံးလေးယောက် ကျန်သေးတယ်"ဟု ဦးတင်ထွန်းသိန်းက အမှု၏အခြေအနေကို ရှင်းပြပြောဆိုသည်။

သတင်းထောက်မွန်းမွန်းပန် ရေးသားခဲ့ခြင်းနှင့် ပတ်သက်ပြီး သခင်စစ်သတ္တုတူးဖော်ရေးကုမ္ပဏီ မန်နေးဂျင်းဒါရိုက်ဦးဒိန်ဆောင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းက ကုမ္ပဏီရုံးသို့ ခေါ်ဆောင်ကာ သတင်းထောက်အမျိုးသမီးကို ဆဲရေးခေါ်ဆောင်ပြီး ဂျာနယ်ဖြင့်ပါးရိုက်ခြင်း၊ အမျိုးသမီး သတင်းထောက်နှင့်အတူ သတင်းထောက်အမျိုးသားကို ထိုင်ထလုပ်ခိုင်းခြင်းများ ပြုလုပ်စေခဲ့သည်။

ထို့ကြောင့် မမွန်းမွန်းပန်မှ တရားလိုပြုလုပ်ကာ ဝိုင်းမော်မြို့မရဲစခန်းတွင် ဦးဒိန်ဆောင်အပါအဝင် ၆ ဦးကို ပုဒ်မ ၃၅၄ ကာယိန္ဒြေပျက်စီးစေရန် လက်ရောက်ကျူးလွန်မှု၊ ပုဒ်မ ၂၉၄ ညစ်ညမ်းစွာပြောဆိုမှု၊ ပုဒ်မ ၃၄၁ မတရား တားဆီးကန့်ကွက်မှု၊ ပုဒ်မ ၃၂၃ မိမိအလိုအလျောက် နာကျင်စေမှု၊ ပုဒ်မ ၁၁၄ ပြစ်မှု ကျူးလွန်ရာတွင် အားပေးကူညီမှု၊ စသည့် ပုဒ်မများဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

ဦးဒိန်ဆောင်ဖက်မှလည်း မြစ်ကြီးနားသတင်းဂျာနယ်မှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထွက် အတွဲ(၆)၊ အမှတ်(၇)၊ စာမျက်နှာ(၁၂) ဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာ ကျဆင်းစေသည်ဟု ဆိုကာ သခင်စစ်သတ္တုတူးဖော်ရေးကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးဒိန်ဆောင်မှ မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် နှစ်ဦးနှင့် သတင်းရေးသားသူကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၀ ဖြင့် အရေးယူပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။

ဂျာနယ်စာမျက်နှာတွင် "မန်ဒေါင်ကျေးရွာ အုပ်စုတွင် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက်လုပ်ကိုင်နေ" ဆိုသည့် သတင်းခေါင်းစဉ်ဖြင့် ဖော်ပြရေးသားခဲ့ရာ သခင်စစ်ကုမ္ပဏီနှင့် ဦးဒိန်ဆောင်တို့အတွက် ဂုဏ်သိက္ခာကျဆင်းသည့် အရေးအသားဖြစ်သည်ဟု မှတ်ယူပြီး အမှုဆောင်အရာရှိချုပ်(၁) ဦးဘရန်မိုင်၊ အမှုဆောင်အရာရှိချုပ်(၂) ဦးဇော်ခွန်းနှင့် သတင်းရေးသားသူ မမွန်းမွန်းပန်တို့ကို မတ်လ ၄ ရက်နေ့က တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ■

စည်သူ(မြစ်ကြီးနား)

# ကချင်ပြည်နယ် စာရင်းစစ်ချုပ်အစီရင်ခံစာ တင်သွင်း၊ အစိုးရဌာနအချို့၏

## ဥပဒေနှင့် မကိုက်ညီသော ဆောင်ရွက်မှုများကို အစီရင်ခံစာက ထောက်ပြ




၂၀၂၀ပြည့်နှစ်တာထွက်လွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်စာရင်းစစ်ချုပ်က ၂၀၁၈-၂၀၁၉ ခုနှစ်၊ ၆ လတာ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လတာ ကာလအတွက် အရအသုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကို တင်သွင်းခဲ့သည်။

စာရင်းစစ်ချုပ်၏ အစီရင်ခံစာအရ အစိုးရဌာနတချို့တွင် ဥပဒေဘောင်ကျော်လွန် လုပ်ဆောင်ခြင်း၊ ဘတ်ဂျတ်ခွဲဝေမှု၊ ပြည်ထောင်စုသို့ ပြန်လည်သွင်းဆောင်ရမည့် ငွေများအား အချိန်မီ မဆောင်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ လုပ်ဆောင်ခြင်းများ စသည်တို့ကို တွေ့ရှိခဲ့ရသည်။

“ဒီ အစီရင်ခံစာမှာခဲ့တဲ့ နှစ်စဉ် တည်ဆဲဥပဒေ စည်းမျဉ်းကမ်းများ လိုက်နာမှုအားနည်းတဲ့ အချက်တွေ၊ နှစ်စဉ် မှားယွင်းမှုတွေကြောင့် ငွေပြန်လည်ပေးသွင်းခဲ့ရမှုတွေ၊ ဆောင်ရွက်ပြီးသား ကိစ္စတွေကို ထပ်မံရန်ပုံငွေ လျာထားပြီး၊ အောက်က တင်ပြချက်တွေအပေါ် သေချာမစိစစ်ဘဲ ငွေ ထပ်မံထုတ်ပေးခဲ့တာတွေ၊ ဆောင်ရွက်ပြီးသော လုပ်ငန်းများ ထပ်မံပျက်ဆီးမှု ဖြစ်ပေါ်ရတာတွေ၊ ငွေအလွဲသုံးစား ပြုလုပ်နိုင်တဲ့ အချိန်မျိုးတွေနဲ့ တာဝန်အရ စစ်ဆေးမှု ခံယူရမယ့် ကိစ္စတွေမှာ မြန်မြန်ဆန်ဆန် စစ်ဆေးမှုခံယူဖို့ လိုအပ်တာတွေကို တာဝန်ရှိသူများအနေနဲ့ အလေးထား ပြုပြင်ကြပ်မတ်သင့်ကြောင်း”ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင် ထောက်ပြပြောဆိုခဲ့သည်။

ယင်းအပြင် အစီရင်ခံစာပါ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် ဆက်စပ်လျဉ်း၍ ဒဏ်ကြေးငွေများ ပေးသွင်းရမည့် လိုအပ်ချက်များ၊ မပြီးပြတ်သည့် လုပ်ငန်းများမှ ရန်ပုံငွေများ ပြန်လည်အပ်နှံခြင်းမရှိဘဲ အမိန့်ပေးချက်လက်မှတ်များ ကိုင်ဆောင်၍ ဘဏ္ဍာရေးနှစ်များ ကျော်လွန်ပြီးဆောင်ရွက်နေသည့်လုပ်ငန်းများကို အမြန်ဆုံးအစစ်ဆေးခံနိုင်သည် အထိ ဆောင်ရွက်လိုအပ်လျက်ရှိကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဥပဒေအရ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းလည်း စာရင်းစစ်ချုပ်က တင်ပြခဲ့သည်။

“ကျပ်ဆယ်သန်းနဲ့ အထက် လုပ်ငန်းများမှာ သတ်မှတ်ထားတဲ့အတိုင်း တင်ဒါစနစ်နဲ့ ဆောင်ရွက်ရမယ့်အစား အချိန်မမှီမှာစိုးလို့ ယုံကြည် အားထားနိုင်တဲ့ ကုမ္ပဏီဖြစ်လို့ဆိုပြီး တင်ဒါမခေါ်ဘဲ ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းများဟာ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှု အားနည်းနိုင်ခြင်း၊ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်ခြင်းအပြင် အဂတိလိုက်စားမှုလည်းဖြစ်ပေါ်နိုင်ပါသဖြင့် တည်ဆဲဥပဒေ ညွှန်ကြားချက်များကို မည်သို့သော အကြောင်းကြောင့်ဖြင့် ဖြစ်စေ တိကျစွာလိုက်နာသင့်ပါကြောင်း အကြံပြု တိုက်တွန်းပါတယ်”ဟုလည်း ဦးတင်လှိုင် ဆက်လက်ထောက်ပြခဲ့သည်။

အစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များနှင့် စာရင်းစစ်ချုပ်၏ အကြံပြုချက်များ။

**၁။** နိုင်ငံတော်အား ပြန်လည်ပေးသွင်းငွေ စစ်ဆေးဖော်ထုတ်နိုင်မှု - ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈ - ၆လ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် စုစုပေါင်းပါက ကျပ်သန်းပေါင်း ၃၁၉ ဒသမ ၆၄၃ သန်းရှိခဲ့သည်။

**၂။** ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးနှစ်တွင် မစစ်ဆေးနိုင်သေးသော လုပ်ငန်းပေါင်း ၁၂၈ ခုရှိပြီး တန်ဖိုးငွေကျပ်သန်းပေါင်း ၂၂၅၂၈ ဒသမ ၉၈၀ ရှိခဲ့သည်။

**၃။** ၂၀၁၈ ခုနှစ် ပထမ ခြောက်လတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ စစ်ဆေးတွေ့ရှိချက်များအရ လုပ်ငန်းလုပ်ဆောင်ရန် ထပ်မံထုတ်ပေးသည့် တန်ဖိုး ကျပ်သန်း ၃၇ သန်းကျော်ရှိပြီး ခန့်မှန်းခြေစာရင်းထက် လျော့နည်းဆောင်ရွက်သည့် လုပ်ငန်း ၁၃ ခုရှိခဲ့သည်။

**၄။** ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းခန့်မှန်းခြေ စိစစ်ချက်အရ ယာဉ်ရပ်နားစခန်းအဆောက်အအုံ ဆောက်လုပ်ရာတွင် ကျပ် ၆ သိန်းကျော်မှားယွင်း တွက်ချက်ခြင်းဖြစ်ပြီး ပြန်လည်ပေးသွင်းခဲ့ကာ မျက်မြင်စစ်ဆေးချက်အရ လျော့နည်းမှု တန်ဖိုးကျပ် ၆၄၆၇၈၅ ကျပ်ကိုလည်း ငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းခဲ့ပြီးလက်ဝယ်တွင် ထိန်းသိမ်းထားသည်မှာ အနည်းဆုံး ၉ လမှ တစ်နှစ်ကျော် ရှိကြောင်းလည်း သိရသည်။

**၅။** ပြည်နယ်တရားရေး ဦးစီးဌာနမှူးရုံးတွင် ဘဏ္ဍာသိမ်းမော်တော်ယာဉ် ၅၂ စီး၊ ဆိုင်ကယ် ၁၇၅ စီးနှင့် သုံးဘီးဆိုင်ကယ် ၁ စီးတို့ကို ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းပေးရန်လိုအပ်။

**၆။** ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ PG 5 Percent ပေးသွင်းမှုမရှိသည်မှာ ကျပ်သန်း ၀ ဒသမ ၆၁၅ သန်းရှိခဲ့ပြီးကန်ထရိုက်စနစ်လုပ်ငန်းလမ်းညွှန်၊ အပိုဒ်-၂၁နှင့်အညီလိုက်နာဆောင်ရွက်ရန် အကြံပြုခဲ့သည်။

**၇။** ပြည်နယ်မီးသတ် ဦးစီးဌာနမှလည်း ဝယ်ယူရေးတင်ဒါအဖြစ် စက်ကိရိယာ၊ ပရိဘောဂနှင့်ယာဉ် ကျပ်သန်း ၄၀၀ ကျော် ရှိပြီး PG 10 Percent ပေးသွင်းရမည့်

စာ ၇ သို့ . . .



**အယ်ဒီတာ့အာဘော် Editorial**

## လူထုကို ခြောက်လှန့်နေတဲ့ တရားစီရင်ရေး

မဏ္ဍိုင်ကြီးလေးရပ်ထဲက တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ဆိုးရွားလှတဲ့ အခြေအနေကို ရောက်ရှိနေပါပြီလို့ လတ်တလောမှာ သုံးသပ်လို့ရပါတယ်။ နေပြည်တော်က Wisdom Hill မူကြိုကျောင်းကျောင်းမှာ အသက်(၃) နှစ်အရွယ်ကလေးငယ် မုဒိမ်းပြုကျင့်ခံခဲ့ရပြီး တစ်နိုင်ငံလုံးက တရားခံ အစစ်အမှန်ပေါ်ပေါက်ဖို့ ဝိုင်းဝန်းကြိုးပမ်းခဲ့ပေမယ့် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အရောက်မှာတော့ တရားခံမပေါ်ဘဲ အမှုပြီးသွားခဲ့တယ်လို့ ပြောလို့ရပါတယ်။

နေပြည်တော် ဒက္ခိဏခရိုင် တရားရုံးက ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ပစ်တိုးရီးယားအမှုမှာ ပါဝင်တဲ့ ကိုအောင်ကြီးကို တရားရှင်လွှတ်လိုက်တဲ့အထဲမှာ ကန့်သတ်ချက် ရက်ပေါင်း ၆၀ အတွင်း အမှုပြင်ဆင်ချက်နဲ့ ထပ်တက်လို့ရတယ်လို့ ဆိုချင်တာပါ။ ဒါကြောင့်ပဲ ခရိုင်ဥပဒေရုံးကနေ အောင်ကြီးကို တရားစွဲဖို့ တင်ခဲ့ကြပါတယ်။

ဒါပေမဲ့ တိုင်းဥပဒေရုံးကနေ ကိုအောင်ကြီးက တရားခံ မဟုတ်တာ မှန်ကန်တယ်ဆိုပြီး တရားဆက်စွဲခွင့် မပြုခဲ့တာကြောင့် ပစ်တိုးရီးယားလေးရဲ့ အမှုဟာ အဲဒီနေ့မှာပဲ ပြီးဆုံးခဲ့ပါတယ်။

တရားခွင်တွေမှာပစ်တိုးရီးယားကိုယ်တိုင် သူမကိုနာကျင်အောင်လုပ်ခဲ့တာတွေကို ဓာတ်ပုံမှတ်တမ်းတွေနဲ့ အတိအကျဖော်ပြနိုင်ခဲ့ပေမယ့် ကလေးငယ်ကို တကယ်ကျူးလွန်သူတွေက တရားခွင်ထဲ ရောက်မလာခဲ့ပါဘူး။

ဒါတင်မကပါဘူး။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ပစ်တိုးရီးယားလေးရဲ့ နာမည်၊ နေရပ်လိပ်စာနဲ့၊ မိဘနာမည်တွေ အလုပ်အကိုင်တွေကိုလည်း ရဲဇာနည်ပေ့ချ်ကနေ ဖော်ပြခဲ့လို့ နစ်နာမှုက ကြီးသထက်ကြီးခဲ့ပါတယ်။ အောင်ကြီး မဟုတ်ပါဘူးဆိုတဲ့ ပြောဆိုချက်နဲ့တင် အမှုဟာ ပြီးဆုံးခဲ့ရတယ်။ ဒါနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးက ပြည်သူလူထုက တရားစီရင်ရေးကို ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။

ပြည်သူတွေ စိတ်ဝင်စားတစားရှိကြလို့ နိုင်ငံတော်သမ္မတကြီးဟာ လုပ်ထုံးလုပ်နည်းနဲ့အညီ တာဝန်ကျေပွန်စွာမဆောင်ရွက်နိုင်တဲ့ လစ်ဟာမှုတွေ ဖြစ်ပေါ်ခဲ့တဲ့ ဥပဒေပြဋ္ဌာန်းချက်နဲ့ မညီတဲ့ တာဝန်ရှိသူများကို အရေးယူနိုင်ဖို့တော့ ညွှန်ကြားခဲ့ပါတယ်။

ထုတ်ဖော်မရခဲ့တဲ့ နိုင်ငံကျော် အမှုတွေမှ အများကြီးပါပဲ။ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်လေဆိပ်မှာ လူအများရှေ့ သေနတ်ပစ်သတ်ခံရတဲ့ အမှုဟာလည်း အခုချိန်ထိ ပရဆေးဥယျာဉ်ထဲမှာ လည်နေတုန်းပါပဲ။

ကချင်ပြည်နယ်မှာလည်း အလားတူ ဖြစ်ရပ်မျိုးတွေရှိနေပါတယ်။ ကောင်းခါး ဆရာမနှစ်ဦး သတ်ခံရတာ၊ ကြက်ပေါင်ခြံက သူနာပြုဆရာမလေး အချက်ပေါင်းများစွာ ဓားနဲ့ထိုးခံရတာ။ ပန်းမော်က အသက် ၆၀ အရွယ် အဘွားအိုမုဒိမ်းကျင့် သတ်ဖြတ်ခံရတာ၊ ဖားကန့် ရာအိမ်မှူး ဒေါ် နန္ဒလှိုင်ရွာလယ်ခေါင်မှာ ပစ်သတ်ခံရတာ၊ ဖားကန့်ယကတဥက္ကဋ္ဌ ဦးခင်စိုး သေနတ်ပစ်ခံရတာတွေက အမှုမှန်ပေါ်ပေါက်ဖို့ နေနေသာသာ ရဲတပ်ဖွဲ့တွေအနေနဲ့ ဖမ်းတောင် မဖမ်းပေးနိုင်ပါဘူး။

လက်ရှိ နိုင်ငံတော် သမ္မတကြီးက ဥပဒေပညာရှင်တစ်ယောက် ဖြစ်ပါတယ်။ ယိုးယွင်းနေတဲ့ တရားစီရင်ရေးမဏ္ဍိုင်ကြီးကို တည့်မတ်နိုင်ဖို့ လက်ကျန် အစိုးရသက်တမ်းမှာ သမ္မတကြီးရဲ့ ဆုံးဖြတ်ပုံတွေ၊ လုပ်ဆောင်ချက်တွေကို ပြည်သူလူထုက စောင့်ကြည့်နေကြမှာပါ။

"ကံကိုပဲ ပုံချလိုက်ပါတော့"ဆိုတဲ့ အရိုးစွဲနေတဲ့ မြန်မာပြည်သူ ပြည်သားတွေအတွက် အမှန်တရားတွေကို ဖော်ထုတ်ပေးဖို့ ဥပဒေမဲ့လုပ်နေတဲ့သူတွေကို အရေးယူပေးနိုင်ဖို့ အစိုးရအနေနဲ့ တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ကြပါလို့ အသိပေးတိုက်တွန်း လိုက်ရပါတယ်။ ■

# ၂၁ ရာစု ပင်လုံညီလာခံ စတုတ္ထအကြိမ် အစည်းအဝေးကို ဧပြီလ နောက်ဆုံးအပတ်တွင် ကျင်းပနိုင်ဖွယ်ရှိ




ဖေဖော်ဝါရီ ၂၅

စတုတ္ထအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ၂၁ ရာစု ပင်လုံညီလာခံကို ယခုနှစ် ဧပြီလ နောက်ဆုံးအပတ်တွင် ကျင်းပသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အရ လာမည့်ညီလာခံအား သကြိန်မတိုင်ခင်နှင့် သကြိန်အပြီးတွင် ကျင်းပရန် ဆွေးနွေးခဲ့ကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (NCA-S EAO)နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပဟိုဌာန (NRPC)တို့ ပြန်လည်တွေ့ဆုံမှုတွင် သကြိန်အပြီး ဧပြီလ နောက်ဆုံးအပတ်တွင် ကျင်းပရန် ရွေးချယ်ထားသည်ဟု ကြားသိရကြောင်း ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)နိုင်ငံရေးပါတီများ အဖွဲ့ဝင် ဒေါက်တာတူးဂျာက ပြောသည်။

"အခု ရေဘုယျ ခန့်မှန်းထားတာက ဧပြီလနောက်ဆုံးအပတ်လို့ ကြားသိရပါတယ်။ ပြီးခဲ့တဲ့ JICM မှာ ဆွေးနွေးထားတာက သကြိန်မတိုင်ခင်နှင့် သကြိန်အပြီးပေါ့ ဒီလိုဆွေးနွေးထားတယ်။ နောက် လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့တွေနဲ့ NRPC ပြန်တွေ့တဲ့အခါ သကြိန်အပြီး ဧပြီလ နောက်ဆုံးပတ်လို့ ပြန်ရွေးထားတယ်။ ဒီဟာက ကြားသိရတဲ့သတင်းပေါ့။ မတ်လမှာ ပြန်တွေ့မယ်။ NCA ထိုးတဲ့အဖွဲ့နှင့် အစိုးရတွေ့မယ်။ အဲ့ဒီမှာ ပိုပြီးခိုင်မာသွားလိမ့်မယ်။ ကျင်းပမယ့်ဟာကတော့ သေချာဖို့တော့ ရှိပါတယ်။ သေချာသလောက်ရှိတယ်လို့ ပြောလို့ရပါတယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေး သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကျင်းပနိုင်ရန် အစိုးရနှင့် နှစ်ဖက်အလုပ်အဖွဲ့များ၊ တတိယအကြိမ် နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို မတ်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ NRPC တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းလည်း NRPC မှ သိရသည်။

ပြီးနောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို မတ်လ ၁၀ ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်မည်ဖြစ်ပြီး၊ မတ်လ ၁၂ ရက်နေ့တွင် UPDJC အစည်းအဝေး ပြုလုပ်သွားမည်ဟု သဘောတူထားကြောင်း ငြိမ်းချမ်းရေးကော်မရှင် အကြံပေး အဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောဆိုထားသည်။

၂၁ ရာစု ပင်လုံအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ လက်ရှိအချိန်ထိ ကျင်းပနိုင်ခြင်းမရှိဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။

ညီလာခံ နောက်ဆုံးနေ့တွင် အစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် နောက်ထပ်ညီလာခံများကို ၂၀၁၈ ခုနှစ်အတွင်းတွင် နောက်ထပ်တစ်ကြိမ် ကျင်းပနိုင်ရေးနှင့် ၂၀၁၉ ခုနှစ်တွင် ၂ ကြိမ်ကျင်းပနိုင်ရေးတို့ ပါရှိသည်။

ယခုကဲ့သို့ ကြန့်ကြာနေခြင်းအပေါ် ဒေါက်တာတူးဂျာက "ကြန့်ကြာနေတာက လက်နက်ကိုင်အဖွဲ့နှင့် အစိုးရကြား သူတို့ရဲ့ အချင်းချင်း ပိုပြီး ပြေလည်အောင်၊ အပြန်အလှန် နားလည်မှုတွေရရှိအောင် လုပ်ရတယ်။ အဲ့ဒီမှာကြာတယ်။ နောက်တစ်ခုက မြောက်ပိုင်း အဖွဲ့ပေါ့၊ မြောက်ပိုင်းအဖွဲ့ကိုတော့ စောင့်တဲ့သဘော မတွေ့ရဘူး။ သူတို့အဖွဲ့လည်း အပစ်ရပ် ထိုးရင်တော့ လေ့လာသူအဆင့်တော့ အနည်းဆုံးရမှာပါ။ အဓိက ကြန့်ကြာနေတာက သူတို့အချင်းချင်းကြားမှာ အရင်ကတော့ အမျိုးသား အလိုက် ဆွေးနွေးပွဲတွေ ပိတ်ဆို့သွားတာတွေရှိတာကိုး၊ ဒါလည်း ခုနောက်ပိုင်း ခွင့်ပြုလိုက်တယ်။ သကြိန်အပြီးမှာတော့ သေချာသလောက် ရှိနေပါတယ်"ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၂ အဖြစ် ၂၁ ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၃၇ ချက် သဘောတူခဲ့ပြီး တတိယအကြိမ် ညီလာခံတွင် ၁၄ ချက်ကို သဘောတူနိုင်ခဲ့သည် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက်ကို ထည့်သွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ■

Salai



# ကချင်ပြည်နယ် ပြည်သူ့ပါတီ လူထုညီလာခံကို

## မတ်လပထမအပတ်တွင် ပြုလုပ်ရန်လျာထား




ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ် ပြည်သူ့ပါတီ (KSPP) လူထု ညီလာခံကို မတ်လ ၃ ရက် နှင့် ၄ ရက်နေ့တွင် ပြုလုပ်ရန်လျာထားကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

"မတ်လ ၃ ရက် ၄ ရက် ၂ ရက်သတ်မှတ်ထားတယ် အသေးစိတ်ကို ထုတ်ပြန်ဖို့တော့မရှိသေးဘူး။ ဆွေးနွေးတုန်း။ လုပ်ရင်း၊ ဆွေးနွေးရင်း ဖြစ်နေတယ်။ ရက်ကတော့ သေချာသလောက်ရှိပါတယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ပါတီမှတ်ပုံတင် ရပြီးနောက် လုပ်ဆောင်နေမှုများကို အသိပေးကြေညာခြင်း၊ ပဟိုကော်မတီ ပဟိုအလုပ်မှုဆောင် ဖွဲ့စည်းထားသည်များကို ဖြည့်စွက်ခန့်အပ်ခြင်း၊ ပေါ်လစီဖြည့်စွက်ခြင်းများ ပြုလုပ်သွားမည်ဟု ၎င်းက ပြောသည်။

"ညီလာခံကတော့ မှတ်ပုံတင်ရပြီးနောက် လုပ်ဆောင်နေတဲ့ဟာ အားလုံးကို announce လုပ်မယ်လေ။ approve လုပ်မယ် လုပ်ပြီးတော့ ပဟိုကော်မတီ ပဟိုအလုပ်အမှုဆောင် ဖွဲ့စည်းထားတဲ့ဟာလည်း approve လုပ်မယ်။ လိုအပ်တာတွေ ဖြည့်စွက်ခန့် အပ်သွားမယ် ပါတီ ပေါ်လစီလည်း နည်းနည်းပါးပါး ဖြည့်စွက်စရာတွေ ဖြည့်စွက်အတည်ယူသွားမယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ထို့နောက် မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် ကော်မတီများနှင့် တွေ့ဆုံပြီး ရည်မှန်းထားသည့် ကိုယ်စားလှယ်လောင်း ရွေးချယ်ရေးတို့ကို ဆက်လုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

ပြီးခဲ့သည့် ဇွန်လက ကချင်ပြည်နယ် ပြည်သူ့ပါတီ(KSPP)ဆိုင်းဘုတ်တင် ပဟိုရုံးချုပ်ဖွင့်ပွဲကို ကျင်းပခဲ့ပြီး ဇူလိုင်လတွင်လည်း ပါတီသစ်ကြိုဆိုပွဲ၊ ဆုတောင်းပွဲကို စီတာပူမနောင်ကွင်းတွင် ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ(KSPP)သည် ကချင်ပြည်နယ်ရှိ နိုင်ငံရေးပါတီ ၄ ခု ပူးပေါင်းထားသည့် ပါတီသစ်တစ်ခုဖြစ်ပြီး၊ ယင်းပါတီတွင် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (မနောတိုင်ပါတီ)၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ (UNFDP) စသည့် ၄ ပါတီတို့က ပေါင်းစည်းထားသည့်ပါတီ ဖြစ်သည်။

ကချင်ပြည်နယ် နိုင်ငံရေးပါတီများ ပူးပေါင်းထားသည့် ကချင်ပြည်နယ် ပြည်သူ့ပါတီ (KSPP)ကို ကချင်ပြည်နယ်အတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီအဖြစ် ကော်မရှင်က ဇွန်လ ၇ ရက်နေ့မှစ၍မှတ်ပုံတင်ခွင့် ပြုကြောင်း အကြောင်းပြန်ခဲ့ခြင်းဖြစ်ပြီး ပါတီမှတ်ပုံတင်အမှတ်မှာ ၁၁၅ ဖြစ်သည်။ ■

Salai

# ငြိမ်းချမ်းရေးကို အစဉ်တစိုက် တည်ဆောက်မည်ဟု ဒီမိုကရေစီ ပါတီသစ် (ကချင်) ပါတီသစ်ပြော




ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ်အတွင်း လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဒီမိုကရေစီပါတီသစ် N.D.P (Kachin) အမည်ရပါတီသစ်သည် ငြိမ်းချမ်းရေးကို အစဉ်တစိုက် တည်ဆောက်သွားမည်ဖြစ်ကြောင်းဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဝိုင်းမော်မြို့တွင် ကျင်းပပြုလုပ်သည့် ပါတီဆိုင်းဘုတ်တင် အခမ်းအနားတွင် ပြောကြားခဲ့သည်။

ယင်းပါတီသည် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ် အတွင်းရှိ ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်တို့တွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး ငြိမ်းချမ်းရေးရရှိရန် အစဉ်တစိုက် ဦးတည်ဆောင်ရွက်မည်ဟု ပါတီဒုဥက္ကဋ္ဌ ဦးဆန်းခေါင်က ပြောသည်။

"ကျွန်တော်တို့ပါတီနိုင်ခဲ့လို့ရှိရင်တော့ အခြေအနေကောင်းပါတယ်။ ကျွန်တော်တို့က ဒေသအကျိုးပြုပါတီဖြစ်ပါတယ်။ ညွှန့်သည်လည်း မဟုတ်ဘူး။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လို့ရတဲ့ပါတီ ဘယ်ပါတီမဆို ပြည်သူလူထုအတွက် အကျိုးရှိရင် လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးဆန်းခေါင်က ပြောသည်။

အစိုးရခေတ် အဆက်ဆက်တွင် လက်လှမ်းမမီသောဒေသ၊ နောက်ကျကျန်ရစ်ခဲ့သော ဒေသများရှိနေသေးသဖြင့် မိမိပါတီကသာ လွှတ်တော် အဆင့်ဆင့်တွင် အနိုင်ရမည်ဆိုပါက ပိုမိုပြီး လက်လှမ်းမီသော နေရာများတွင် ဒေသအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဟုလည်း ဆိုသည်။

အဆိုပါပါတီသည် ပြည်နယ်အဆင့်အနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မှ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် တရားဝင်မှတ်ပုံတင် ရရှိထားပြီး လွတ်လပ်စွာဖြင့် ဒေသအကျိုးဆောင်ရွက်သွားမည် ဖြစ်သောကြောင့် အခြားပါတီများတွင် လက်အောက်ခံအဖြစ် ရှိနေလိမ့်မည် မဟုတ်ကြောင်းလည်း ဦးဆန်းခေါင်က ပါတီ၏ သဘောထားကို ရှင်းပြသည်။

ယခု လက်ရှိအချိန်တွင် ဒီမိုကရေစီ ပါတီသစ် (ကချင်) ပါတီသစ်သည် ပါတီဝင် လူဦးရေစုစုပေါင်း ငါးထောင်ကျော်ရှိပြီး ယင်းပါတီသည် ကချင်အထူးဒေသ(၁)မှ ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်း၏သား ဦးဇခုန်ယိန်းဆောင် (လက်ရှိ ချီဖွေမြို့နယ် အမှတ် ၂ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်) မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော ပါတီဖြစ်သည်။ ■

Ah Je

# ကချင်တော်လှန်ရေးနေ့တွင် တင်ဆက်သည့် ပြဇာတ်နှင့်ပတ်သက်ပြီး

## ကေဘီစီမှ ဆရာနှစ်ဦး ၁၀ ရက်အကြာတွင် မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာ



ဖေဖော်ဝါရီလ ၂၄

မြစ်ကြီးနားမြို့တွင် ပြုလုပ်သည့် ကချင်အမျိုးသားတော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲ၌ ပြဇာတ်တင်ဆက်မှုနှင့်ပတ်သက်ပြီးကေဘီစီမှ ဆရာနှစ်ဦးကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ စတင်ပြီး မြစ်ကြီးနား အကျဉ်းထောင်တွင် သက်ဆိုင်ရာမှထိန်းသိမ်းထားခဲ့ရာ ၁၀ ရက်အကြာတွင် လွတ်မြောက်ခဲ့သည်။

ကချင်နှစ်ခြင်း ခရစ်ယာန် အသင်းချုပ်(KBC) မှ သိက္ခာတော်ရ ဆရာတော် ဦးဘီမာဒေါင်လွမ်းနှင့် လူငယ်တာဝန်ခံ ဆရာတူးထန်တို့ကို မြစ်ကြီးနား မြို့မရဲစခန်းတွင် ဖေဖော်ဝရီလ ၆ ရက်နေ့က စတင်စစ်ဆေးခဲ့ပြီး ပုဒ်မ၁၇/၁ မတရားအသင်းဆက်သွယ်မှုဖြင့် ဗိုလ်မှူးကြီးတစ်ဦးက မြစ်ကြီးနားမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး အမှုပြန်လည်ရုပ်သိမ်းခဲ့ခြင်းကြောင့် လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

"တရားစွဲထားတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ဖက်ကနေ နှစ် ၆၀ ပြည့် ဆုတောင်းပွဲအကြောင်းကို ရှင်းပြတယ်။ နောက်ပြီးတော့မှ လွှတ်ပေးဖို့ တောင်းခံတဲ့အချိန်မှာ တရားစွဲထားတဲ့ တရားစွဲချက်ကို ပြန်ရုတ်သိမ်းတာကြောင့် လွတ်မြောက်ခဲ့တာ"ဟု ဆရာဘီမာခေါင်လွမ်းက ပြောသည်။

ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ (WMR)မှ ပြဇာတ်တွင် ပါဝင်သော အကြောင်းအရာသည် တော်လှန်ရေးကာလတွင် အိမ်ထောင်များပျက်စီးခြင်း၊ စစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးသွားသော အရာများကို မီးမောင်းထိုးပြခြင်းသာ ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၇ရက်နေ့က မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးထံ စာတင်ခဲ့သည်။

တပ်မတော်မှတရားစွဲဆိုခြင်းနှင့် ပတ်သက်ပြီး မိမိတို့ ဆရာနှစ်ဦးသည် ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း ဆရာဘီမာခေါင်လွမ်းက ပြောသည်။

"ကျွန်တော်တို့ နှစ်ယောက်က ကျူးလွန်မှုဘာမှ မရှိပါဘူး။ အဲ့ဒီညက ၄ နာရီနဲ့ ၆ နာရီကြားမှာ စတိတ်ရှိုးရန်ပုံငွေရှာဖို့ စီစဉ်ထားပါတယ်။ ဆရာတူးထန်ဆိုရင် စတိတ်ရှိုးမှာ သူဦးဆောင်ပြီးမှ စတိတ်ရှိုးဖြစ်မြောက်ရေးကို ဦးဆောင်တာပါ။ ဒါပေမဲ့ ဂျော်ဘွမ်မှာက ဆုတောင်းဖို့ခေါ်းစဉ်နဲ့ လာတဲ့သူတိုင်းကို ခွင့်ပြုဖို့ စည်းကမ်း ရှိထားပါတယ်။ အဲ့ဒါကြောင့် (WMR) အဖွဲ့က ဆုတောင်းပွဲလုပ်မယ်ဆိုလို့ ခွင့်ပြုလိုက်တာပါ။ ပြဇာတ်ပါတာ သိတောင်မသိပါဘူး"ဟု ဆရာခေါင်လွမ်းက ပြောသည်။

တရားစွဲဆိုမှုကို ရုပ်သိမ်းပေးဖို့ရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးရေး အကြိုဆောင်အဖွဲ့ (PCG) ကချင်အမျိုးသား အတိုင်ပင်ခံအဖွဲ့ (WMR) KBC အသင်းတော်ဆရာများနှင့် ရှေ့နေများက ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၅ ရက်နေ့က မြစ်ကြီးနားမြို့၊ ဂျော်ဘွမ်ဆုတောင်းတောင်တွင် ပြုလုပ်ခဲ့သည့် ကချင်တော်လှန်ရေး အခမ်းအနားတွင် ပါဝင်သည့် ပြဇာတ်နှင့်ပတ်သက်ပြီး ယခုကဲ့သို့ တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။

ပြဇာတ်တွင် ကချင်လက်နက်ကိုင်အဖွဲ့ ကေအိုင်အေ/ကေအိုင်အို စတင်ခဲ့သည့် အကြောင်းအရာကို ကေအိုင်အေ တံဆိပ်မပါသည့် စစ်ယူနီဖောင်းများဖြင့် သရုပ်ဖော်ခဲ့ကြသည်။ ■

Ah Je

# လုံ / နယ် ဝန်ကြီးဌာနမှ ဆဒုံးစစ်ရှောင် ပြည်သူများကို

## တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေရာချထားပေး



ဖေဖော်ဝါရီ ၂၃

ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့ရှိ နေရပ်စွန့်ခွာ စခန်းနေပြည်သူများ၏ တောင်းဆိုချက်အရ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်၏ဘတ်ဂျက်ငွေဖြင့်ဆောက်လုပ်ပြီးစီးသွားသော တန်ဖိုးနည်းအိမ်ရာများကို ဖေဖော်ဝါရီလ ၂၂ ရက်က အိမ်ထောင်စု ၃၈ စုအတွက် နေရာချပေးခဲ့ကြောင်း သိရသည်။

အဆိုပါတန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ရေးကုမ္ပဏီ ၄ ခုမှ နေအိမ်တစ်လုံးလျှင် ငွေကျပ် ၇၅ သိန်းအကုန်အကျခံ၍ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ်၊ Steel Structure အဆောက်အအုံ ၃၈ လုံးကို တည်ဆောက်ကာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းက မဲစနစ်ဖြင့် ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ပြောင်းရွှေ့ပြည်သူ ၂၄၁ ဦးအတွက် ဆန် ၇၅ အိတ်ကျော်၊ စားသုံးဆီ ၇၆ ပိဿာ၊ ကုလားပဲ ၇၆ ပိဿာ၊ ဆား ၃၈ ပိဿာ၊ အိမ်ပြောင်းရွှေ့စားရိတ် ငွေကျပ် ၃၈ သိန်း၊ မိသားစုသုံးပစ္စည်းထည့်ပုံး ၃၈ လုံးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့လှူဒါန်းသည့် မိသားစုတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးနှင့် မိသားစုသုံး ပစ္စည်းထည့်ပုံး ၃၈ လုံးတို့ကို ထောက်ပံ့ပေးခဲ့ကြောင်းလည်း သိရသည်။

လူမှုရေး ဝန်ကြီးဦးနေဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်က ကျန်ရှိသည့် လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့ ပူးပေါင်း၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုလည်း စစ်ဘေးရှောင်ပြည်သူများကို ပြောကြားခဲ့ကြောင်းလည်း သိရသည်။

ဆဒုံးမြို့ စစ်ရှောင်စခန်းတွင် အိမ်ထောင်စု ၈၅ စုမှ လူဦးရေ၄၆၉ ရှိသည့်အနက် ပြောင်းရွှေ့အိမ်ထောင်စု ၃၈ စုမှ လူဦးရေ ၂၄၁ ဦးဖြစ်ပြီး အိမ်ထောင်စု ၄၆ စုရှိ လူဦးရေ ၂၁၆ ဦးမှာ ပြောင်းရွှေ့ရန် ကျန်ရှိနေသေးကြောင်းလည်း သိရသည်။ ■

မွန်းမွန်းပန်

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်

ဦးဆောင်ညွှန်ကြားရေးမှူး
ဖေခွန်း

အယ်ဒီတာချုပ်
ဆိုင်းမိုင်

တာဝန်ခံ အယ်ဒီတာ
ဇော်အောင်မျိုးဦး

အယ်ဒီတာ
Salai စည်သူ

TV&Radio အယ်ဒီတာ
အက်စတာ

သတင်းထောက်ချုပ်
မွန်းမွန်းပန်

သတင်းထောက်
Ah Je (လပတ်)
မိုးမြတ်မြတ်ပန်း၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)၊ ဂျာခွဲရာ

နယ်သတင်းထောက်
သန်းထွန်းအောင်

ဗွီဒီယို တည်းဖြတ်
ဇင်မင်း

ဓာတ်ပုံ
မြတ်သွေးထက်

ကွန်ပျူတာစာစီစာရိုက်
ဝေဝေ

Website
La Tawng

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
La Tawng, Seng Lawt Awng

မြစ်ကြီးနားရုံးတာဝန်ခံ
ခိုခိုထက်နိုင်

ငွေကိုင် ၊ စာရင်းကိုင်
နန်ဇော်အောင် ၊ ဇော်ဘောက်ဂျာ

Researcher & Advertorial
ဆိုင်းတူး

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး ဂျာစင်

ဖြန့်ချိရေးတာဝန်ခံ
ဆွတ်နောင်တူး

တန်ဖိုး
၈၀၀ ကျပ်

ဗလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၀)

ဆက်သွယ်ရန်

အမှတ်(၅၈)၊ လမ်းသွယ် (၀)၊
စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၀၆၀၂၇၄
၀၉ - ၄၂၀၀၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးတောင်းခံခြင်းကောင်း၊ ထိုးလက်ဆောင်တောင်းခြင်းကောင်း လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရုပ်ထိုးတော်ဆက်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# နယ်စပ်ဂိတ်များမှ တရုတ်နိုင်ငံသားများ ဝင်ရောက်မှု တင်းကျပ်စွာ စိစစ်ပေးရန် မြစ်ကြီးနားမြို့တွင် ဆန္ဒထုတ်ဖော်




ဖေဖော်ဝါရီ ၂၄

ကိုရိုနာဗိုင်းရပ်စ် ကချင်ပြည်နယ်အတွင်း မပြန့်ပွားစေရန် နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသော တရုတ်ပြည်မှ မော်တော်ယာဉ်များနှင့် တရုတ်လူများကိုတင်းကျပ်စွာ စိစစ်ပေးရန် မြစ်ကြီးနားမြို့ စိမ်းမြရောပန်းခြံရှေ့တွင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ရောဂါ ဖြစ်ပွားနေသည့် တရုတ်နိုင်ငံမှ ဝင်ရောက်နေသော ယာဉ်မောင်းများနှင့် တရုတ်လူမျိုးတွင် ရောဂါပိုးကပ်ပါလာပြီး ရောဂါကူးစက်မည်ကို စိုးရိမ်နေရသောကြောင့် ဆန္ဒဖော်ရခြင်းဖြစ်ကြောင်း ဦးဆောင်သူ ဒေါ်တူးက ပြောသည်။

“တရုတ်ပြည်က လာတဲ့ ကားတွေက တောထဲက ငှက်ပျောခြံတွေကို သွားပါတယ်။ အဲဒီကနေတစ်ဆင့် ကူးစက်ခဲ့နိုင်ပါတယ်။ ကျွန်မတို့ ကချင်ပြည်နယ်မှာ တောကလူတွေက ရိက္ခာကုန်ရင် ဈေးလာဝယ်ပါတယ်။ ဈေးလာဝယ်ရင် ဈေးကနေပြန့်သွားနိုင်တယ်။ ဈေးကနေ ရပ်ကွက်၊ ရပ်ကွက်ကနေ ကချင်ပြည်နယ်လုံး ပြန့်မှာပါ”ဟု ဒေါ်တူးက ရှင်းပြသည်။

မြန်မာနိုင်ငံ၏ ပြည်သူလူထု အသက်အန္တရာယ်ကင်းရှင်းရေးအတွက် တရုတ် နိုင်ငံသားများနှင့် တရုတ်ကားများ ဝင်ရောက်မှု ခေတ္တဆိုင်းငံ့ ပိတ်ဆို့တားဆီးရေး၊ နယ်စပ်ဂိတ်များတွင် မော်တော်ယာဉ်နှင့် လူဝင်လူထွက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ တင်းကြပ်စွာ စိစစ်ပေးရန် တိုက်တွန်းရေး၊ ကမ္ဘာနှင့်အဝန်း ထိန်းချုပ်မရသေးသော ကိုရိုနာဗိုင်းရပ်စ်ရောဂါဝင်ရောက်မှု မရှိစေရေး ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မပြန့်ပွားရေးဟူသော ဗီနိုင်းဆိုင်းဘုတ်များကိုင်ကာ ကြွေးကြော်ခဲ့ကြသည်။

အဆိုပါကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးသည် မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည်ကို စိုးရိမ်သဖြင့် ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်ရခြင်းဖြစ်ကြောင်းလည်း ကိုထွန်းထွန်းဦးက ပြောသည်။

“အမိက စိုးရိမ်တာက အဲဒါပါ။ အခုက ဒီရောဂါပိုးပါလာခဲ့သည်ရှိသော် ဒုက္ခတွေ အများကြီး ရောက်နိုင်တယ်လေ။ နောက်မှာလည်း မိသားစုတွေရှိတယ်လေ”ဟု ကိုထွန်းထွန်းဦးက ပြောသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဝူဟန်မြို့သို့ ငှက်ပျောများ လှူဒါန်းရန်အတွက် ချန်းရင်းခူးကုမ္ပဏီမှ တရုတ်တွဲကား၁၀စီး ဝင်ခွင့်တောင်းထားသောကြောင့် ခွင့်ပြုလိုက်ရကြောင်း ကချင်ပြည်နယ်အစိုးရ လူဝန်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းက ပြောသည်။

“သူတို့က နှစ်မျိုးရှိတယ်။ တရုတ်ဖက်ကနေ ကား ဆယ်စီးဝင်ဖို့ ကျွန်တော့်ဆီကို မိတ္တူရောက်ထားတဲ့ စာတစ်စောင်ရှိတယ်။ ပြီးတော့ ရောဂါဖြစ်နေချိန်က ဒီမှာ ပိတ်မိနေတဲ့ ကားအစီးပေါင်း ၅၀ နဲ့ အထက်မှာရှိတယ်။ အဲ့ဒီကားတွေကို ထွက်ခွင့်ပေးတာ နှစ်မျိုးရှိပါတယ်။ ကျွန်တော့်ဆီကို ရောက်လာတော့ ချန်းရင်းခူးကုမ္ပဏီကနေမှ သူတို့ငှက်ပျောကိုလှူဖို့ သယ်ယူခွင့်ပြုဖို့ ခွင့်ပြုချက်တောင်းထားတာပါ”ဟု ဝန်ကြီးမှ ဆိုသည်။

ဆန္ဒထုတ်ဖော်ပွဲတွင်မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ ဒေသခံ လူအင်အား ၂၀၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ ■

Ah Je

# ကိုရိုနာဗိုင်းရပ်စ် မကူးစက်နိုင်ရန် ကြိုတင်ကာကွယ်ရေးကို အလေးထားသင့်ကြောင်း ကျန်းမာရေးဦးစီးမှူးပြော

ဖေဖော်ဝါရီ ၂၂

ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ပြည်သူများအနေဖြင့် ကြိုတင် ကာကွယ်ရေးကိုသာ အလေးထားအောင် လုပ်ဆောင်သင့်ကြောင်း ဒုတိယ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နော်ရှဲလ်ထားက ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် ပြည်သူ့စကားဝိုင်းတွင် ပြောကြားခဲ့သည်။

ယခု ဖြစ်ပွားလျက်ရှိသည့် Covic 19 ကိုရိုနာဗိုင်းရပ်စ်သည် ဖေဖော်ဝါရီ ၂၀ ရက်နေ့ စာရင်းအရ ဖြစ်ပွားမှုနှုန်း များပြားသော်လည်းသေဆုံးမှုနှုန်း ၂ရာခိုင်နှုန်းသာရှိကြောင်း၊ အဆိုပါ အချက်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ခံအားနှင့် အများကြီး သက်ဆိုင်ကြောင်း ဒေါက်တာ နော်ရှဲလ်ထားက ပြောသည်။

“ကူးစက်ရောဂါဆိုတဲ့အတိုင်း လူကို မသက်မသာဖြစ်စေပြီး ကြောက်ရတာပါပဲ။ သို့သော် ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ကျွန်မ ပြောချင်တာကတော့ ဆားစ်၊ မားစ်ရောဂါဆိုရင် လူတစ်ရာဖြစ်ရင် သုံးဆယ့်ငါးယောက်သေတယ်။ ဒါပေမဲ့ ဒီကိုဗစ် 19 မှာက သေပျောက်နှုန်းက ၂ ရာခိုင်နှုန်းပဲရှိတယ်။ လူ ၇ သောင်းကျော်ဖြစ်တယ်။ ၂ထောင်ကျော်သေတယ် ဆိုတာက ကိုယ့်ရဲ့ ကိုယ်ခံအားအပေါ် အများကြီး စကားပြောတယ်။ ကာကွယ်ထိန်းချုပ်တဲ့ နည်းသာ ကောင်းကောင်းလုပ်ရမှာ”ဟု ၎င်းက ပြောသည်။

ကိုယ်ခံအားရှိရန် အစာအာဟာရမျှတအောင် စားသုံးခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ လေ့ကျင့်ခန်း ပုံမှန်လုပ်ဆောင်ခြင်း၊ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းကို သေချာစွာလိုက်နာခြင်း စသည့်တို့ကို ပြုလုပ်ရန်လိုအပ်ကြောင်း ဒေါက်တာ နော်ရှဲလ်ထား အကြံပြုသည်။

ထို့အပြင် ဖေဖော်ဝါရီ ၃ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာခံစားနေရသူ၊ လူနာကို အနီးကပ်စောင့်ကြည့်ရသူ၊ ပြုစုကုသနေရသည့် ကျန်းမာရေးဝန်ထမ်းများမှ လွဲ၍ သာမန်ပြည်သူများ အနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းစီမံချက်မန်နေဂျာ ဦးအောင်မျိုးခိုင်က ပြောသည်။

“အခု ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဆိုရင် mask (နှာခေါင်းစည်း)တွေက ဝယ်လို့တောင် မရတော့ပါဘူး။ အရင်က ငါးထောင် ခြောက်ထောင်ကနေ အခုဆို တစ်သောင်းကျော်ဖြစ်ကုန်ပြီ အဓိကကတော့ အထက်ပါ အချက်သုံးချက် မဟုတ်ခဲ့ရင် သာမန်ပြည်သူအနေနဲ့ တပ်ဆင်စရာ မလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ အကြံပြုထားပါတယ်”ဟု ဦးအောင်မျိုးခိုင်က ပြောသည်။

ထို့အပြင် တရားမဝင် နယ်စပ်ဂိတ်များမှ ပြန်လာသည့်သူများ တွေ့ရှိပါကလည်း ကျန်းမာရေးဌာနကို အသိပေးရန် လိုအပ်ကြောင်း၊ အဆိုပါတရားမဝင်ဂိတ်များတွင် လူအဝင်အထွက် စိစစ်နိုင်ရန် ပြည်သူများမှ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ဒေါက်တာ နော်ရှဲလ်ထားက ပြောကြားခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ကျန်းမာရေးအဖွဲ့၊ ပညာရေးအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်၊ အစိုးရအဖွဲ့တို့မှ ရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကဏ္ဍအသီးသီးမှ ဆွေးနွေးခဲ့ကြသည်။

လက်ရှိ ဖြစ်ပွားနေသည့် covic 19 ကိုရိုနာဗိုင်းရပ်စ်သည် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖြစ်ပွားနှုန်းအများဆုံးဖြစ်ခဲ့ပြီး ယင်းနောက်တွင် ကူးစက်ခံရသူဦးရေ ပြန်လည် လျော့ကျလာခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သော သိသင့်သိထိုက်သည့် အကြောင်းအရာများကို သိရှိစေရန်ရည်ရွယ်ပြီး ကော်ရိုနာဗိုင်းရပ်စ် ပြည်သူ့စကားဝိုင်းကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က မြစ်ကြီးနားမြို့၊ အထက(၉)တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ■

Ann

**စာ ၃၊ ပြည်နယ်စာရင်းစစ်ချုပ် အစီရင်ခံစာမှ . . .**

အစား 5 Percent သာ ပေးသွင်းထားသောကြောင့် လုပ်ငန်းလမ်းညွှန်နှင့် ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

**၈။** စိုက်ပျိုးရေးဦးစီးဌာန တည်/ကော် အတည်ပြုချက်နှင့်အမှန်ဆောင်ရွက်မှု၊ လုပ်ငန်းဆောင်ရွက်မှု အတွက် ရ/သုံး စီမံကိန်း တည်ဆောက်ရေးနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ သဘောထားမတောင်းခံဘဲ မံစီဦးစီးမှူးရုံး ဆောက်လုပ်ရန် တင်ဒါခေါ်ခဲ့ခြင်း အပေါ်လည်း ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်ရန် နှိုးဆော်ခဲ့သည်။

**၉။** ပြည်နယ်အစိုးရအဖွဲ့ရုံးသည် ငွေလုံးငွေရင်းဖြင့် ရုံးသုံး ပရိဘောဂဝယ်ယူရန် ကျပ်သန်း ၃၀ သန်းကျော်အား တင်ဒါခေါ်ယူ ဆောင်ရွက်မှုမရှိဘဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအရ ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် မကိုက်ညီဘဲရှိနေပြီး ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံဘဏ္ဍာငွေ အလေအလွင့်မဖြစ်စေဖို့ ဂရုစိုက်ရန် လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။

**၁၀။** ပညာသင် ထောက်ပံ့စရိတ် လျော့နည်းထုတ်ပေးမှုတွင် လက်ဝယ်ထိန်းချုပ်ငွေ ကျပ်သိန်း ၁၆၀ ကျော်အား တနိုင်းမြို့နယ် ဒုပညာရေးမှူး နှစ်တိုး တစ်ကြိမ်ရပ်ဆိုင်းသည့် ပြစ်ဒဏ်သာပေးခဲ့ပြီး ကြီးကြပ်မှုပေါ့လျော့ခဲ့သည့် မြို့နယ်ပညာရေးမှူးကို နယ်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ ယင်း ယာယီငွေ အလွဲသုံးစားမှုကို သတ်မှတ်ခဲ့သည့် ပြစ်ဒဏ်က လျော့ကန်မှု မရှိဟု ထင်သည့်အတွက် ပြည်ထောင်စုစာရင်းချုပ်ထံ ဆက်လက်အသိပေး တင်ပြသွားဖို့ စီစဉ်လျက်ရှိပါကြောင်း ပြည်နယ် စာရင်းစစ်ချုပ်က လွှတ်တော်တွင် အတည်ပြု ပြောကြားခဲ့သည်။

ကချင်ပြည်နယ် စာရင်းစစ်ချုပ်အစီရင်ခံစာ အသေးစိတ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ခဲ့ပြီး ယခင်နှစ်က အစီရင်ခံစာတွင်လည်း ပြည်နယ်အစိုးရ၏ ဥပဒေနှင့်အညီ မဆောင်ရွက်ခဲ့မှုများ၊ သက်ဆိုင်ရာ ဌာနများ၏ လုပ်ငန်းစဉ်များတွင် မှားယွင်းလုပ်ဆောင်ချက်များကို ထောက်ပြပြောဆိုခဲ့သည်။ ■

စည်သူ(မြစ်ကြီးနား)




**တုတ်ထိုး** - အခုထိခေတ်မီနေတုန်းပဲဗျို့။ လေးစားတယ်။ လေးစားတယ်။
**အိုးပေါက်** - ဘာတွေလေးစားနေတာတုန်း။

**တုတ်ထိုး** - ဟိုးတုန်းက ကာတွန်းအခုဖတ်ပြီး သဘောကျနေတာဗျ။
**အိုးပေါက်** - ဘယ်သူ့ကာတွန်း တုန်း။

**တုတ်ထိုး** - ဟံသာဝတီသတင်းစာမှာပါတဲ့ ကာတွန်းဆရာကြီး ဖေသိန်းရဲ့ ကာတွန်းဗျ။
**အိုးပေါက်** - ဝေမျှပါဦးဗျာ။ ကာတွန်းမှာ ဘာတွေပြောထားသတုန်း။

**တုတ်ထိုး** - ကာတွန်းမှာပါတဲ့ စာတွေက ဘာတဲ့။ ငြိမ်းရေးနဲ့ ခွာပြလျက်ရှိသော ချာရာဇာသီပြည်ကြီးတွင် အီလယ်လယ်မင်းကြီး အုပ်ချုပ်မင်းလုပ်၍သာ ခွေယိုင်အတိုက်အခံနှင့် အကြောင်ကြောင်သတင်းစာတို့ကြောင့် လူထုခမြာမှာ အီလယ်ခွေယိုင်၍ အူတူတူဖြစ်နေတော့သတည်းတဲ့ဗျ။
**အိုးပေါက်** - ဟား ဟား ဟား။ အခုထိတော့ ကျုပ်တို့ ပြည်သူတွေ အူတူတူ ဖြစ်နေတုန်းပဲဗျို့။ ငြိမ်းချမ်းရေးက လည်း အီလယ်လယ်ပါပဲ။ အတိုက်အခံတွေကလည်း ကိုယ်နဲ့ မတူရန်သူ သဘောထားနေကြတုန်းပါပဲ။

**တုတ်ထိုး** - ဒါနဲ့ စစ်ဦးချုပ်ကြီးက ပြည်သူတွေကို တောင်းပန်လိုက်တဲ့သတင်း ကြားမိသေးလားဗျ။
**အိုးပေါက်** - အဟွတ်။ အဟွတ်။ ဖြည်းဖြည်းပြောပါဗျာ။ ကျုပ်ရေနွေးသောက်တာတောင် သွားကြားညပ်သလို ဖြစ်သွားတယ်။

**တုတ်ထိုး** - ကျုပ်လည်း ဖြည်းဖြည်းပြောနေတာပဲဗျ။ ခင်ဗျားက နေရင်းထိုင်ရင်း ဘာဖြစ်သွားတာတုန်း။
**အိုးပေါက်** - ခင်ဗျားပဲပြောတယ်လေ။ စစ်ဦးချုပ်ကြီးက ပြည်သူတွေကိုတောင်းပန်တယ်ဆို။

**တုတ်ထိုး** - ဟုတ်တယ်လေ။ စစ်သားတွေကို အပြစ်မတင်ပါနဲ့။ စစ်တပ်ကိုလည်း အပြစ်မတင်ပါနဲ့။ တကယ်အပြစ်ရှိတာကျွန်တော်ပါဆိုပြီး တောင်းပန်လိုက်တာလေ။
**အိုးပေါက်** - အဟွတ် အဟွတ် စစ်ဦးစီးချုပ်ကြီးက တောင်းပန်သတဲ့လား။

**တုတ်ထိုး** - ခင်ဗျား ဘာတွေတွေးနေတာလဲ။ အခုတောင်းပန်လိုက်တဲ့ စစ်ဦးစီးချုပ်ကထိုင်းတပ်မတော်က ထိုင်းစစ်ဦးစီးချုပ်ပါခင်ဗျ။ သူ့လက်အောက်ငယ်သားတစ်ယောက်ကြောင့် ပြည်သူတွေ အသက်အန္တရာယ်ကျရောက်ရတာ သူ့ကြောင့်ပါဆိုပြီး မျက်ရည်တွေကျပြီး တောင်းပန်တာဗျ။
**အိုးပေါက်** - ထင်တော့ ထင်သား။ တို့ဆီကတော့ တောင်းပန်စရာ အကြောင်းမရှိပါဘူးလို့။

**တုတ်ထိုး** - ဟော့လူ၊ ဟော့လူ နိုင်ငံရေးတွေမပါကြေး။
**အိုးပေါက်** - ကျုပ်က ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူးနော်။

**တုတ်ထိုး** - ဟင်းဟင်းဟင်း။ ငါးပိကြော်နံ့တော့ နံနေပါပြီ။
**အိုးပေါက်** - ကျုပ်က ရိုးရိုးပြောတာ။ ခင်ဗျားက ဆန်းဆန်းတွေးတာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်**- ဒါနဲ့စကားမစပ်ဗျာ။ ဖြစ်သွားတဲ့ အမှုတစ်ခု ခင်ဗျားလည်းဖတ်မိမှာပါ။ ချစ်သူနှစ်ယောက်ချိန်းတွေ့စကားပြောနေတုန်း ဆိုင်ကယ်နဲ့ အမျိုးသားနှစ်ယောက် ရောက်လာပြီး ဖုန်းနဲ့ပိုက်ဆံအိတ်လုယက်တဲ့အတွက် ကောင်မလေးက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းတယ်။ ဒီတော့ လုယက်သူတစ်ဦးက သံချောင်းနဲ့ရိုက်တယ်။ ဦးခေါင်းဒဏ်ရာနဲ့ကောင်မလေး ထွက်ပြေးပြီး အကူအညီတောင်းတယ်။

**တုတ်ထိုး** - ဖြစ်မှဖြစ်ရလေဗျာ။ ပီးပေါ် ပီးပေါ်တွေက မလာဘူးလား။
**အိုးပေါက်** - ဘာတုန်းဗျ။ ပီးပေါ် ပီးပေါ်။

**တုတ်ထိုး** - မြန်မာကားတွေထဲမှာလေ ရဲတွေက ပြီးမှပေါ်လာလို့။ ပီးပေါ်လို့ခေါ်တာ။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဆက်ပြောပါဦးဗျာ။
**အိုးပေါက်** - ကောင်မလေး အော်ဟစ်အကူအညီတောင်းနေချိန်မှာ ချစ်သူကောင်လေးက လုယက်သူနှစ်ယောက်နဲ့ လုံးထွေးသတ်ပုတ်ကျန်ရစ်တယ်။ အဲ့ဒီမှာ လုယက်သူတွေက ဓားနဲ့ခုတ်တယ်။ ချစ်သူကောင်လေးဒဏ်ရာရတယ်။ အဲ့ဒီမှာ လုယက်သူနှစ်ဦးရဲ့ ရန်ကို ကာကွယ်ခုခံရင်းနဲ့ လုယက်သူနှစ်ယောက်သေဆုံးခဲ့ရတယ်ဗျ။

**တုတ်ထိုး** - ဟောဗျာ။
**အိုးပေါက်** - လုယက်သူနှစ်ယောက်က လုယက်မှုနဲ့ထောင်က ထွက်လာတာ မကြာသေးဘူးတဲ့ဗျ။

**တုတ်ထိုး** - လူတွေ ကိုယ်ကျင့်တရားပျက်ယွင်းလာကြပြီဗျ။
**အိုးပေါက်** - တော်သေးတာပေါ့ဗျာ။ ဟိုကောင်လေး အသက်ရှင်သေးလို့။

**တုတ်ထိုး** - မတော်သေးဘူးဗျ။ အဲ့ဒီကောင်လေးကို လူသတ်မှုနဲ့ ပြန်တရားစွဲထားသတဲ့ဗျ။
အိုးပေါက် - ဗျာ၊ ဘယ်လို ဘယ်လို။

**တုတ်ထိုး** - အဲ့ဒီကောင်လေးက မခုခံနိုင်ခဲ့ရင် ကောင်လေးလည်း သေသွားနိုင်တယ်။ သူနဲ့ပါလာတဲ့ ကောင်မလေးလည်း ဘဝပျက်သွားနိုင်တယ်။ ခုတော့ ပြန်လည်ခုခံရင်းနဲ့ လူသတ်သမားအဖြစ် တရားစွဲခံနေရပြီ။
**အိုးပေါက်** - တရားဥပဒေ စိုးမိုးရေးကလည်း အူကြောင်ကြောင်ကြီးပါလားဗျာ။
**တုတ်ထိုး** - ဥပဒေအရကတော့ တစ်စုံတစ်ယောက်က ရန်မူလာရင်တော့ မိမိကိုယ်ထိပ်မံပြီး ရန်မမူနိုင်တဲ့အထိ ခုခံပိုင်ခွင့်ရှိသတဲ့ဗျ။ ပြီးတော့ရှိသေးတယ်။ မိမိနှင့် အခြားသူအား သေးဖြစ်စေလျှင် သော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေလျှင်သော်လည်းကောင်း မုဒိမ်းကျင့်ရန် ဓမ္မတာအတိုင်း မဟုတ်ဘဲ ဆန့်ကျင်သည့် လက်ရောက်မှုသော်လည်းကောင်း၊ စသဖြင့် ကျူးလွန်သည့်မည်သူမဆို အသက်သေစေသည်အထိ ရာဇသတ်ကြီးပုဒ်မ ၁၀၀အရ ကာကွယ်ခုခံနိုင်သတဲ့ဗျ။
အိုးပေါက် - ဒီကလေးက ခုခံကာကွယ်ရင်း ဖြစ်သွားတယ်လို့ ယူဆမိတယ်။

**တုတ်ထိုး** - တရားကိုနတ်စောင့်ပါစေဗျာ။ တရားကို အဘတို့ မစောင့်ပါစေနဲ့ဗျာ။
**အိုးပေါက်** - ဒါနဲ့ ဗစ်တိုးရီးယားအမှုဘယ်လို ဖြစ်သွားပြီလဲ။

**တုတ်ထိုး** - တရားခံအစစ်အမှန်ကို ဒီနေ့အချိန်ထိဖော်ပြနိုင်ခြင်း မရှိသေးဘူး။ သမ္မတကြီးကတော့ ညွှန်ကြားထားတယ်။ ဗစ်တိုးရီးယားအမှုမှာ တာဝန်ပျက်ကွက်ခဲ့သူတွေကို အရေးယူဖို့တဲ့ဗျ။
**အိုးပေါက်** - တာဝန်ပျက်ကွက်သူတွေကို အရေးယူဖို့လိုသလို တကယ့်တရားခံ အစစ်ကိုလည်း ဖမ်းမိဖို့လိုတယ်။ အခုဟာက တရားဥပဒေစိုးမိုးရေးကိုယ်တိုင် မုဒိန်းကျင့်ခံလိုက်ရတာပါပဲ။

**တုတ်ထိုး** - ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့ မိုးကြီးချုပ်တော့မှာပါပဲ။
**အိုးပေါက်** - ကြားရတဲ့သတင်းတွေက စိတ်ချမ်းသာစရာတွေ မရှိပါဘူး။ ဒီကြားထဲ ကိုရိုနာဗိုင်းရပ်စ်ကပ်ဆိုးကြီးက ရှိနေသေးတယ်ဗျာ။

**တုတ်ထိုး** - ကိုရိုနာဗိုင်းရပ်စ် ကပ်ဆိုးကနေ စီးပွားရေးကပ်တွေ ဆိုက်လာဦးမလားစိတ်ပူမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နဲ့မြန်မာစီးပွားရေးက ဆက်နွယ်နေတာကိုး။ တရုတ်ကို ပို့တဲ့ကုန်တွေလည်း ရပ်ကုန်တယ်။ တရုတ်ခရီးသွားတွေလျော့ကုန်တယ်။ မြန်မာ အထည်ချုပ်စက်ရုံတွေလည်း တရုတ်ကို အားကိုးနေရတယ်။ ပိုးလမ်းမသစ် စီမံကိန်းကြီးကလည်း ဒီဗိုင်းရပ်စ်ကြောင့် နှောင့်နှေးကြန့်ကြာသွားနိုင်တယ်ဗျ။
**အိုးပေါက်** - တရုတ်နဲ့ အဝင်အထွက်မပြတ်ရှိနေတဲ့ မြန်မာနိုင်ငံအနေနဲ့ သတိကြီးကြီး ထားကြရမှာအမှန်ပါပဲ။

**တုတ်ထိုး** - အင်း။ ကူးစက်ရောဂါထိန်းချုပ်ရေးအတွက် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းဖို့ ပြင်နေပြီလို့တော့ သိရတယ်ဗျ။
**အိုးပေါက်** - ကျုပ်လည်း ကြားတယ်ဗျ။ ဥပဒေကြမ်းရဲ့အခန်း (၇)ပုဒ်မ၁၅(ခ)မှာ ဘာဖော်ပြထားသလဲဆိုတော့ အိမ်ထောင်ဦးစီးသို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး လုပ်ငန်းရှင်သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးသည် ကူးစက်ရောဂါဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိခြင်း၊ သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါ ဖြစ်ပွားခြင်းတို့အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အစိုးရကျန်းမာရေးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနတစ်ခုခုသို့ သတင်းပို့တိုင်ကြားရမည် လို့ဖော်ပြထားသဗျ။ သတင်းပို့ပျက်ကွက်ခဲ့ရင်တော့ ငွေဒဏ်ကျပ်သုံးသောင်းကနေ ငါးသောင်း လုပ်ငန်းရှင်သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်က ပျက်ကွက်လျှင် ဆယ်သိန်းကျပ်မှ သိန်းသုံးဆယ်ကျပ်အထိ ငွေဒဏ်ချမှတ်နိုင်သတဲ့ဗျ။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - ရှိသေးတယ်။ အခန်း(၈)ပုဒ်မ(၂၀)မှာ ဘာဖော်ပြထားသလဲဆိုတော့ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေး အရာရှိသည် ကူးစက်ရောဂါသို့မဟုတ် ကူးစက်မြန်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်သော နေရာ၊ လူပုဂ္ဂိုလ်၊ ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်၊ အချက်အလက်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူ အထိတ်တလန့်ဖြစ်စေနိုင်မည့် သတင်းရယူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း သို့မဟုတ် သတင်းထုတ်ပြန်ခြင်းမပြုရန် ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်နိုင်ခြင်းဆိုတာလည်း ပါသေးသဗျ။

**တုတ်ထိုး** - သတင်းထုတ်ပြန်ခြင်း မပြုရန်တို့ ဘာတို့ဆိုတော့ ဒါဟာ သတင်းကို အမှောင်ချထားတဲ့သဘောဖြစ်နေတာပဲဗျ။ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေက အဲ့ဒါနဲ့ပတ်သက်လို့ သတင်းထုတ်ပြန်ချင် ပြန်မယ်။ မပြန်ချင် မပြန်ဘူးဆိုတဲ့ သဘော သက်ရောက်နေတယ်လို့ ထင်သဗျာ။
**အိုးပေါက်** - ဒါပေါ့ဗျာ။ ပုဒ်မတစ်ခုတည်းမှာကို သတင်းရယူခြင်း၊ ရေးသားထုတ်လွှတ်ခြင်း နှစ်ခုစလုံးကို ထည့်သွင်းရေးသားထားတယ်။ ဒီတော့ ဥပဒေကို တလွဲအသုံးပြုရင် သတင်းမီဒီယာတွေအတွက် အန္တရာယ်ရှိတယ်။

**တုတ်ထိုး** - မြစ်ကြီးနား သတင်းဂျာနယ်က စည်သူတို့၊

စာ ၉ သို့ . . .

# ဗန်းမော်ပြန် ဂျပန်မလေး၏ စေတနာ

အင်ခိုင်ဘွမ် ရေးသားသည်



အင်္ဂလိပ်ခေတ်တွင်ပြည်ပမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရန် အတော်ကလေး လွတ်လပ်ခဲ့သည်။ ဥရောပသားများ၊ တရုတ်၊ကုလား . . . လူမျိုးစုံ။ ဂျပန်၊ ကိုရီးယားလည်း ပါသည်။ ဂျပန်ကုန်တင်သင်္ဘောများသည် မြို့တော်ရန်ကုန်တွင် ပစ္စည်းချသည်။ ဧရာဝတီတိုင်း၊ ပုသိမ်ဖက်က ဆန်များတင်သည်။ ဂျပန်ဆရာဝန်၊ သွားစိုက်ဆရာဝန်၊ ကုန်သည်အသေးစား၊ ဓာတ်ပုံဆရာ၊ လက်သမား၊ နာရီပြင်ဆရာများ မြန်မာနိုင်ငံတွင် အခြေချလာခဲ့ကြသည်။ ဆင်းရဲသော ဂျပန်အမျိုးသမီးလေးများလည်း အိမ်ကိုခွဲ၍ မြန်မာပြည်သို့ လာရောက်တတ်သည်။ ကာရာယူကီစန်ဟု ခေါ်ဝေါ်သည်။ သူမတို့က ဆိပ်ကမ်းမြို့များတွင် သင်္ဘောသားများကို ဧည့်ခံဖျော်ဖြေသည့် အလုပ်လုပ်ကြပါသည်။

စာရေးဆရာကြီး စစ်ကိုင်း ဦးဘိုးသင်းကလည်း ဗန်းမော်မြို့တွင် ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျပန်ပြည့်တန်ဆာမများ လူစည်ကားရာရပ်ကွက်များသို့ လာရောက် စီးပွားရှာကြကြောင်း၊ အရပ်လူကြီးများက အရေးပိုင်ကိုတိုင်ကြောင်း၊ အရေးပိုင်က အရပ်လူကြီးများကိုခေါ်၍ ဂျပန်မများနှင့် စေ့စပ်ပေးရာ ဂျပန်မများကို ကုလားထိုင်တွင် ထိုင်ခိုင်း၍ အရပ်လူကြီးများကို ကြမ်းပြင်တွင်ထိုင်ခိုင်းကြောင်း မှတ်တမ်းတင်ရေးသားဘူးသည်။ ဗန်းမော်ပြန် ဂျပန်မလေးသည် ရိုးရိုးအရပ်သူလေလား၊ ဂျပန်ပြည့်တန်ဆာလားတော့မသိနိုင်ပေ။ ဗမာများကိုချစ်လွန်းလို့ပါဟု ဆိုသည့် ဗန်းမော်ပြန် ဂျပန်မလေးကိုတော့ ဂျပန်နိုင်ငံသို့ ရောက်ရှိသွားကြသော မြန်မာကိုယ်စားလှယ်အဖွဲ့က ကောင်းစွာ သတိရနေခဲ့တော့သည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက် နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့သော မြန်မာနိုင်ငံသည် ၁၉၄၂ ခုနှစ်တွင် ဂျပန့်လက်အောက်သို့ ကျရောက်ပြန်သည်။ ၁၉၄၃ ခုနှစ်တွင် ဂျပန်က မြန်မာ့လွတ်လပ်ရေး ပေးသော်လည်း အတုအယောင်ပင်ဖြစ်ခဲ့သည်။ ဂျပန်စစ်တပ်က အဓိက လွှမ်းမိုးချုပ်ကိုင်ခဲ့သည်။ သို့သော် ကမ္ဘာသိကြေညာထားသောကြောင့် လွတ်လပ်သောတိုင်းပြည်၏ အဆောင်အယောင်များ တော့ရှိခဲ့သည်။ ထို့ကြောင့် လွတ်လပ်သော မြန်မာနိုင်ငံမှ ဧည့်သည်တော်များသည် ဂျပန်နိုင်ငံသို့ချစ်ကြည်ရေးခရီးသွား ရောက်ခဲ့ကြရသည်။

မြို့မဆရာကြီးဦးဘလွင်၊ ဆရာဝန်ကြီး ဒေါက်တာဘသန်းတို့ကဲ့သို့ လူကြီးလူကောင်းများ၊ သခင်ဗဟိန်း၊ စောဘဦးကြီး၊ ကိုဇော်ဝိတ်တို့ကဲ့သို့ လူငယ်များ ပါဝင်ကြသည်။ အားလုံးပေါင်း ပညာရေး၊ နိုင်ငံရေး၊ အားကစား၊ သတင်းစာ၊ သစ်တော၊ စာတိုက်၊ မီးရထား၊ အကျဉ်းထောင် စသည်ဖြင့် နယ်ပယ်စုံမှာ ဧည့်သည်တော် ၂၅ ဦးပါအဖွဲ့ ဖြစ်သည်။ စင်္ကာပူမှ တစ်ဆင့် ဂျပန်ခရီးစဉ် ဖြစ်သည်။ ဂျပန်ကို လွယ်လွယ်ဝင်ခွင့်တော့ မရ။ လူကြီး၊ လူငယ် မရွေး တန်းစီ၊ အဝတ်အစား အားလုံးချွတ်ရသည်။ ရှက်နေသူများကို ဂျပန်တို့က အတင်း လိုက်ချွတ်သည်။ ရှက်တတ်သည်ကို မြန်မာပြည်တွင်ထားခဲ့။ မြန်မာများ တွင်ပါလာသော ရောဂါပိုးများ ဂျပန်ပြည်သို့ မကူးစက်စေရန် အရေးကြီးသည်။

သို့နှင့် အားလုံးကိုလေးဖက်ထောက်ခိုင်းပြီး ဝမ်းစစ်ယူသည်။ နားရွက်ကိုခြစ်၍ သွေးစစ်ယူသည်။ ဆေးထည့်ထားသော ရေနွေးကန်တွင် ရေနွေးစိမ်ခိုင်းသည်။ အဝတ်အစားများကို ရောဂါပိုးသေအောင် ပေါင်းတင်ပြီးမှ ဝတ်စေသည်။ ဂျပန်ဆရာဝန်များက တာဝန်ကျေခဲ့သည်။ ယခုလို တင်းကျပ်စွာ ပြုလုပ်ရခြင်းမှာ ဂျပန်နိုင်ငံအတွင်းသို့ ကူးစက်ရောဂါများဝင်ရောက်လာမည်စိုး၍ ကြိုတင်ကာကွယ်ရခြင်းဖြစ်ကြောင်း ရှင်းပြကြသည်။

“ဆက်ဆံရေး ရိုင်းပြသည်က လွဲ၍ သူတို့နိုင်ငံ သူတို့လူမျိုးအတွက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြသည်ကို ချီးကျူးရပြန်သည်”ဟု ကိုဇော်ဝိတ်ကြီးက ပြောခဲ့သည်။

တိုကျိုရောက်တော့ မြို့သူမြို့သားများက အလံကလေးများဝှေ့၍ ကြိုဆိုကြသည်။ ဧည့်သည်တော်အဖွဲ့ကို အတော်ကောင်းကောင်းဟိုတယ်တွင် နေရာချပေးသည်။ စစ်အတွင်းအစားသောက်ရှား၍ ဝလင်အောင်တော့ မစားရပေ။ ဧည့်ခံပွဲတွင် စွန့်ပစ်ထားသော ပေါင်မုန့်ညိုအစအနလေးများကို ဂျပန်လူကြီးလူကောင်းတစ်ဦးသည် အခြားသူများမမြင်အောင် အမှတ်တမဲ့ သူ့ကုတ်အင်္ကျီထဲထည့်လိုက်သည်။ အိမ်မှ ဇနီးသမီးသားများကို ကျွေးမွေးဖို့ ဖြစ်ပေလိမ့်မည်။ ကိုဇော်ဝိတ်တို့အဖွဲ့သည် တိုကျို၊ ကျိုတို၊ ရှီမိုနိုစကီး၊ နဂါစကီ၊ နဂိုရာ၊ နာရာ၊ အိုစကား စသည်မြို့များသို့ သွားရောက်လေ့လာကြည့်ရှုကြရသည်။ ဂျပန်ဘုရင်မင်းမြတ်နှင့် အစိုးရက အရှေ့အာရှစစ်ပွဲတွင် မြန်မာပြည်က ပါဝင်ကူညီ၍ ကျေးဇူးတင်ကြောင်း၊ဖြစ်နိုင်လျှင် မြန်မာတစ်နိုင်ငံလုံးကို ဂျပန်သို့ခေါ်၍ ဧည့်ဝတ်ပြုလိုကြောင်း ပြောသည်။ မြန်မာအဖွဲ့ဝင်တစ်ဦးက “ကျုပ်တို့တောင် ထမင်းဝအောင် မကျွေးနိုင်တာ မြန်မာတစ်ပြည်လုံးသာ ဖိတ်ရင် ရေသောက်ပြီး ပြန်ရမှာ”ဟု ညည်းသည်။

သို့သော် မြန်မာများကိုမှ တွေ့လိုသည့် ဂျပန်မလေး တစ်ဦးက ဟိုတယ်သို့ရောက်လာခဲ့သည်။ သူမသည် မြန်မာပြည်ဗန်းမော်မြို့တွင် နေထိုင်သွားခဲ့ဖူးသည်ဟု ဆိုသည်။ အမည်မှာ အုရုအိပူရာအိဖြစ်သည်။ သူမသည် မြန်မာစကားကို ပီပီသသ ပြောနိုင်သူလေး ဖြစ်သည်။ သူမရေးပြသော မြန်မာစာလုံးများမှာ ဝိုင်းစက်လှပသည်။ သူတတ်နိုင်သလောက် ဧည့်ဝတ်ပြုလိုပါသည်၊ မြန်မာပြည်လို သားငါးမပေါ်များ၍ ထမင်းပဲ ကျွေးပါရစေဟု တောင်းပန်လေသည်။

ဗန်းမော်ပြန်ဂျပန်မလေး အုရုအိပူရာအိသည် နောက်တစ်နေ့တွင် ထမင်းဆုပ်သေးသေး ၁၃ ဆုပ်လာ၍ ပို့သည်။ ဖွယ်ဖွယ်ရာရာဟင်းမပါပေ။ ထမင်းပေါ်တွင် ဘဲဥပြုတ် ပါးပါးလှီး၍ ဖြူးထားသည်။ ကိုဇော်ဝိတ်တို့သည် အုရုအိပူရာအိလေး စိတ်ချမ်းသာစေရန် သူ့ရှေ့တွင် ထမင်းဆုပ်ကို စားပြကြသည်။ စားသောက်ပြီးသည့်အခါ “ကျွန်မရှင်တို့ကို ကျွေးတဲ့ထမင်းဟာ ကျွန်မအတွက် တစ်ပတ်စာရတဲ့ ဝေစုထဲကပါ။ ကျွန်မ မစားဘဲ ရှင်တို့ ဗမာတွေကို ချစ်လွန်းလို့ ကျွေးတာပါ”ဟု ဆိုရှာလေသည်။

မိမိတို့အပေါ်တွင် စေတနာ ထက်သန်လှသော အုရုအိပူရာအိအတွက် ကိုဇော်ဝိတ်တို့ စိတ်မကောင်းဖြစ်ကြရသည်။ မြန်မာအဖွဲ့များ ကိုယ်စား လက်ဆောင်ပေးသည်။ သို့သော် အုရုအိပူရာအိက လက်ဆောင်ကိုမယူလိုဟုတောင်းပန်၍ပြန်သွားရှာလေသည်။ ကိုဇော်ဝိတ်တို့ သခင်ဝတင်တို့သည် မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးသည့်တိုင် ဗန်းမော်ပြန် ဂျပန်မလေး၏ စေတနာကို နှစ်ပေါင်းများစွာ ကြာသည်အထိ မမေ့နိုင်ရှိခဲ့ကြတော့သည်။

ရည်ညွှန်း - သံတို့အမြင် (အငြိမ်းစားသံအမတ်ကြီးဦးသက်ထွန်း)
-မြန်မာ့လူသန်ဇော်ဝိတ်ကြီး (ကျော်မြင့်လွင်)



စာ ၈၊ တုတ်ထိုးအိုးပေါက်မှ အဆက် . . .

ဆလိုင်းတို့သတင်းသမားတွေ သတိထားရမယ့်ဥပဒေပဲဗျို့။ တော်ကြာ ရောဂါသတင်းဖော်ပြလို့ ထောင်နှုတ်ခမ်းလမ်းလျှောက်နေကြရဦးမယ်။

**အိုးပေါက်** - ကဲပါဗျာ။ စကားဝိုင်းလည်း ကြာနေပြီ။ ဒီမှာပဲ ရပ်လိုက်ကြပါစို့။

**တုတ်ထိုး** - အင်း ဝိုင်းရပ်စ်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်နိုင်ကြပါစေဆုတောင်းသလို လာဘ်ပေးလာဘ်ယူ ဗိုင်းရပ်စ်များလည်း ကင်းဝေးနိုင်ကြပါစေဗျာ။

**အိုးပေါက်** - ပီးပေါ်များလည်း အမှုတွေ ပေါ်နိုင်ကြပါစေဗျာ။

**တုတ်ထိုး** - လွှတ်တော်အတွင်းမှ တချို့တချို့သော လွှတ်တော်အမတ်မင်းများအနေနဲ့လည်း ကြမ်းတမ်းရုန့်ရင့်တဲ့ စကားလုံးများနဲ့ ဟီရိဩတ္တပ္ပတရား ကင်းမဲ့ကြောင်းကို နှုတ်အမူအရာ ကိုယ်အမူအရာတွေနဲ့ ကိုယ့်အထုပ်ကိုကိုယ် ဖြည်ချသလို စကားမျိုးမပြောမိပါစေကြောင်း မေတ္တာရည်လောင်းလိုက်ရပါရဲ့ဗျာ။

**အိုးပေါက်** - လွှတ်တော်အသံ ပွက်ပွက်ညံမှသည် လွှတ်တော်အသံ ပြည်သူအသံဖြစ်ပါစေကြောင်းပါဗျာ။ ■

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၈ ၊ ၂၀၂၀)

# မြစ်ကြီးနားတက္ကသိုလ်အား
## ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ကြေညာ




ဖေဖော်ဝါရီ ၁၅

မြစ်ကြီးနားတက္ကသိုလ်ပရဝုဏ်အား ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က သတ်မှတ် ကြေညာခဲ့ကြောင်း သိရသည်။

နံရံကပ်စာစောင် ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုပေးခြင်းအခမ်းအနား မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားတွင် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက တက္ကသိုလ်နယ်မြေအား ဆေးလိပ်ငွေ့ကင်းစင်သော နယ်မြေအဖြစ်ထည့်သွင်း ကြေညာခဲ့ခြင်း ဖြစ်သည်။

ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေအဖြစ် ကြေညာသတ်မှတ်ပြီး ဖြစ်သော်လည်း ဆေးလိပ်သောက်သုံးမှု တားမြစ်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဒုတိယပါမောက္ခချုပ် ဒေါ်အေးအေးကိုက ပြောသည်။

"ကောက်ရိုးမီးလိုမဟုတ်ဘဲနဲ့ ကြေညာပြီး ပြီးသွားပြီဆိုပြီးတော့ မဖြစ်စေချင်ဘူး။ ကော်မတီကလည်း ဆက်လက်ပြီးတော့ ရှင်သန်နေမှာပါ။ ဆေးလိပ်မသောက်ဖို့ တားမြစ်တာတွေ၊ သတိပေးတာတွေလည်း ဆက်လက်ပြီးတော့ လုပ်ဆောင်သွားမှာပါ"ဟု ဒေါ်အေးအေးကိုက ရှင်းပြသည်။

ကျောင်းတွင်း ပညာပေးစည်းရုံးခြင်း၊ ကန့်တင်း စားသောက်ဆိုင်များကို ရှောင်တခင်စစ်ဆေးခြင်း၊ စာတမ်းများကပ်ခြင်း၊ ဆေးလိပ်သောက်သုံးနေသူများကို တွေ့ရှိလျှင် လုပ်အားပေးလုပ်ငန်းများတွင် ပါဝင်စေခြင်း၊ ဆေးလိပ်သောက်သုံးရန် သတ်မှတ်နေရာ (၄)နေရာ သတ်မှတ်ပေးထားခြင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့်ပတ်သက်သည့် ကျပန်းစကားပြော ပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲများကို ကျင်းပပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းလည်း အထက်ပါပုဂ္ဂိုလ်မှ ဆက်လက်ပြောသည်။

ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ၂၀၁၈ ဒီဇင်ဘာလမှ တစ်နှစ်စီမံကိန်းအဖြစ် စတင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလ အရောက်တွင် ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်း တက်ရောက်ခဲ့ပြီး နံရံကပ်စာစောင်များ ဖြစ်သည့် ပန်းချီ၊ ကဗျာ၊ ဝတ္ထုနှင့် ဆောင်းပါး ရေးသားခြင်း ပြိုင်ပွဲတွင် ဆုရရှိသူများကို ပထမ၊ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းလည်း သိရသည်။ ■

ဂျာဒွဲ

# ပထမဦးဆုံးအကြိမ် ကချင်ပြည်နယ် တက္ကသိုလ်ကျောင်းနှင့်
## ကောလိပ်ကျောင်း စွမ်းရည်ပြပွဲ ကျင်းပမည်

ဖေဖော်ဝါရီ ၂၄

ပထမဦးဆုံးအကြိမ် အဖြစ် ကျင်းပမည့် ကချင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြသပွဲကို ယခုနှစ် ဇူလိုင်လအတွင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင်ကချင်တစ်ပြည်နယ်လုံးရှိ တက္ကသိုလ်၊ ကောလိပ် (၁၃)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ဇူလိုင်လ နောက်ဆုံးအပတ်တွင် ပွဲကျင်းပနိုင်ရန် လျာထားကြောင်း ပွဲဦးစီးကော်မတီအဖွဲ့ဝင် ကိုမင်းခန့်ထံမှ သိရသည်။

တက္ကသိုလ်ကျောင်းသူ/သားများ၏ စွမ်းရည်ပြပွဲကျင်းပရာတွင် လိုအပ်သည့်အရာများနှင့် ကုန်ကျမည့် ဘတ်ဂျက်များကိုလည်း ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အတွင်းရှိ ဆန်းသစ်တီထွင်၊ ဖန်တီးနိုင်စွမ်းရှိသော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးများ၊ စွမ်းဆောင်ရည်များ ထုတ်ဖော်ပြသနိုင်ရန်နှင့် ပိုမိုမြင့်မားလာစေရန်၊ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိလာစေရန် ရည်ရွယ်ကြောင်း ကိုမင်းခန့်က ဆိုသည်။

"၂၀၁၈တုန်းက တစ်နိုင်ငံလုံး စွမ်းရည်ပြိုင်ပွဲလုပ်တော့ ကျွန်တော်တို့ ပြည်နယ်က အချိန်မပေးနိုင်တာတွေရော၊ ကျောင်းသားတွေဘက်ကလည်း အိုင်ဒီယာရှိပေမယ့် ငွေကြေးအခက်အခဲကြောင့် မထွက်ခဲ့တာတွေ ရှိတယ်။ ဆိုတော့ ဒီနှစ်မှာလည်း ပြိုင်ပွဲလုပ်ဖို့ရှိတယ်လို့ ကျွန်တော်တို့ ကြားတယ်။ ကျွန်တော်တို့က ရယ်ဒီဖြစ်နေအောင် ကြိုလုပ်ထားတဲ့ သဘောပေါ့"ဟု ၎င်းက ပြောသည်။

တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲတွင် Project show, Art, Lectureal show, Entertainment တို့ ပြုလုပ်သွားမည်ဖြစ်ပြီး သိပ္ပံ၊ နည်းပညာ၊ ပတ်ဝန်းကျင်အကျိုးပြု ပရောဂျက်ရှိုး ပန်းချီ၊ ဓာတ်ပုံ၊ လက်မှုပညာပြပွဲ၊ စာပေစကားဝိုင်း၊ စာပေဟောပြောပွဲ၊ စကားရည်လုပွဲ၊ ကျပန်းပြဇာတ်၊ သံချပ်အကများ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်မည့် အခြားမြို့များမှ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို လိုအပ်သည့်ဘတ်ဂျက်များပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပြည်နယ်အဆင့်တွင် အနိုင်ရရှိသည့်သူများသည် တစ်နိုင်ငံလုံးအဆင့် ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်သွားရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီးပွဲဦးစီးကော်မတီအဖွဲ့ဝင်များနှင့် ပြည်နယ် အစိုးရအဖွဲ့များက ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ ■

Ann

## တင့်သင့်မျှတစွာ စားသုံးခြင်း

အစားအစာတွေက လူတွေအတွက် မရှိမဖြစ် လိုအပ်တဲ့အရာတွေ ဖြစ်ပါတယ်။ လူတိုင်းက အစားအသောက်တွေ သုံးဆောင်ပြီး အသက်ရှင်နေရတဲ့ သူတွေချည်းပါ။ ဒါပေမဲ့ အစာသည်ဆေး အစာသည်ဘေးဆိုတဲ့ ဆိုရိုးစကားလည်း ရှိနေပါသေးတယ်။ မလိုအပ်တာတွေစားရင် ဒါမှမဟုတ် လွန်လွန်ကဲကဲတွေစားရင် ခန္ဓာကိုယ်အတွက် ဆိုးကျိုးတွေ ရလာစေပါတယ်။ ဥပမာ- အဆီအဆိမ့်တွေ စားလွန်းရင် ခန္ဓာကိုယ်ထိုင်းမှိုင်းလာတာတို့၊ အဝလွန်လာတာတို့ အဲ့လိုတွေဖြစ်လာတတ်ပါတယ်။ တိုးတက်လာတဲ့ ခေတ်မှာတော့ အသင့်ဖြစ်စားစရာ အသစ်အဆန်းတွေကလည်း အရင်ကထက် များလာပါတယ်။ လူတွေကိုယ်တိုင်ကလည်း အသင့်ဖြစ် အစားအစာတွေကို နှစ်နှစ်ခြိုက်ခြိုက် စားသုံးကြသလို တစ်ဖက်မှာလည်း ကျန်းမာရေးကို လိုက်စားလာကြပါတယ်။ ညနေခင်းမှာ လမ်းလျှောက်ကြတာတို့၊ စက်ဘီးစီးကြတာတို့ လုပ်လာကြပါတယ်။ တစ်ချို့ကြတော့ မိမိရဲ့ အစားအသောက်ပုံစံကို ပြောင်းလဲလာကြတယ်။ အစားလျှော့တာတို့၊ နောက်ပြီး သတ်သတ်လွတ်သမားအဖြစ် စားသုံးတာတို့ ဖြစ်လာတယ်။

ဒီဆောင်းပါးမှာ အသီးအနှံတွေနဲ့ အစားအသောက်ပုံစံ ပြောင်းလဲတဲ့ ပုံစံကို ဖော်ပြချင်ပါတယ်။ ဒီအစားအသောက် စားသုံးတဲ့ ပုံစံက သတ်သတ်လွတ်စားသုံးရမယ့်ပုံစံ မဟုတ်သလို အစာလျှော့စားရမှာလည်း မဟုတ်ပါဘူး။ အစာစားတဲ့အခါ အသီးအနှံနဲ့ အသား၊ ငါးကို သင့်တင့်မျှတစွာစားသုံးရမယ့်ပုံစံပါ။ သင့်တင့်မျှတစွာ အစားအစာ စားသုံးခြင်းပုံစံမှာ ဘာစည်းမျဉ်းစည်းကမ်းမှ မရှိပါဘူး။ ဘယ်ဟာမစားရဘူး၊ ဘယ်ဟာစားရမယ်ဆိုတာလည်း သတ်မှတ်ထားတာ မရှိပါဘူး။ တစ်ခုပဲ၊ မိမိနေ့တိုင်းစားနေကျ အစားအသောက်ပုံစံကို နည်းနည်းပြောင်းဖို့ပဲ။ သင့်တင့်မျှတစွာ စားသုံးတာကြောင့် ရရှိလာမယ့် ကျန်းမာရေးကောင်းကျိုး လေးချက်ရှိပါတယ်။ အဲ့ဒါတွေက နှလုံးရောဂါ၊ ဆီးချိုရောဂါအဆင့်(၂)၊ သွေးတိုးရောဂါတွေကို သက်သာစေနိုင်သလို၊ မဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။ နောက်ပြီး ခန္ဓာကိုယ်အလေးချိန်လည်း လျှော့ချပေးပါတယ်။ သင့်တင့်မျှတစွာ စားသုံးတဲ့ပုံစံက ကိုယ့်အတွက် အကျိုးရှိမယ်၊ ကိုယ်ကိုတိုင်လည်း လိုက်လုပ်ဖို့ ဆုံးဖြတ်ပြီဆိုရင် ပထမဆုံး ကိုယ့်တစ်နေ့ကို အသားချည်းပဲ သုံးနပ်စားရင် တစ်နပ်လျှော့စားလိုက်ပါ။ နောက်ပြီး အသီးအရွက်တွေကို အစားထိုးစားပါ။ အသားဟင်းတွေ လုံးဝမစားတော့တာတွေကို လုပ်စရာမလုပ်ပါဘူး။ အသားဟင်းတွေက ခန္ဓာကိုယ်အတွက် အရေးကြီးတဲ့ ပရိုတင်းဓာတ်တွေကို အဓိက ထုတ်လုပ်ပေးနေတာ ဖြစ်တဲ့အတွက် သင့်တင့်မျှတစွာ စားသုံးပေးရပါမယ်။

လူတစ်ယောက် သွက်လက်နေဖို့၊ ကျန်းမာနေဖို့ဆိုရင် ကိုယ်စားသုံးတဲ့ အစားအသောက်ပုံစံကလည်း အရေးကြီးပါတယ်။ စီရော်နယ်ဗိုဆိုရင် သူစားသောက်နေကျ အစားအသောက်ပုံစံ တသတ်မှတ်တည်းရှိပါတယ်။ သူ့ခန္ဓာကိုယ်အတွက် အကျိုးရှိမယ့်အစားအသောက်ပုံစံကို ရွေးချယ်ပြီး စားသုံးတာပါ။ အထက်မှာရေးပြခဲ့တဲ့ အစားအသောက်ပုံစံက အနောက်တိုင်းမှာ လူတော်တော်များ စားသုံးလာတဲ့ အစားအသောက်ပုံစံ တစ်မျိုးပါ။ ဒီစားသောက်မှုပုံစံက ကိုယ်အလေးချိန် လျှော့ကျချင်တဲ့သူတွေ အတွက်ရော၊ ကျန်းမာရေးလိုက်စားနေတဲ့ သူတွေအတွက်ရော အသုံးဝင်မယ်လို့ မျှော်လင့်ပါတယ်။ ■

ဆိုင်းတူး(အင်တာနက်မှ ကိုးကားသည်)

## အသိပေးကြေညာချက်

ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ တမော်ကျေးရွာအုပ်စု၊
ပရန်ခရမ်းကျေးရွာတွင် ယခင်ကနေထိုင်ခဲ့ပြီး ယခုမန့်ဝိန်းကြီး၊
IDPs၊ KBCI(camp)တွင်နေထိုင်သော
ဦးမရန်တူးနှင့်ဒေါ်ဖကောန်ကိုင်တို့၏သားအမည်မှာ
ဦးနော်ထွဲ(ခ)ဦးနော်ထွယ်(၁/မစန(နိုင်)၀၂၃၉၉၅)
ကိုင်ဆောင်ထားသောသူသည်လူတစ်ဦးတည်းဖြစ်ကြောင်း
အသိပေးကြေညာအပ်ပါသည်။

မိုးညှင်း ဖြန့်ချိရေးတာဝန်ခံ
နန်ဂျာ

ပူတာအို ဖြန့်ချိရေးတာဝန်ခံ
ဇမ်အုန်း




မျိုးမြတ်မြတ်ပန် မေးမြန်းသည်

# သယံဇာတကို မမှီခိုဘဲ ကချင်ထွက်ကုန်တွေကိုလည်း လူငယ်တွေအနေနဲ့ စိတ်ဝင်တစား လုပ်ကိုင်သင့်တယ် ဆိုတဲ့ လူငယ် စီးပွားရေးလုပ်ငန်းရှင် မထုံဖူးနင်ဒွေး နှင့် တွေ့ဆုံခြင်း

**ပူတာအိုခရိုင် နောင်မွန်းမြို့မှာ နေထိုင်တဲ့ အသက် ၂၈ နှစ်အရွယ် မထုံဖူးနင်ဒွေးဟာ ၂၀၁၇ ခုနှစ်မှာ Kasante ကုမ္ပဏီကို စတင်တည်ထောင်ခဲ့ပြီး ကချင်စိုက်ပျိုးစီးပွားနဲ့ ပတ်သက်တဲ့ လုပ်ငန်းကို လုပ်ကိုင်နေသူ တစ်ဦး ဖြစ်ပါတယ်။ ကချင်ပြည်နယ်က ထွက်တဲ့ ထွက်ကုန်တွေကို ဈေးကွက်မှာ တွင်ကျယ်လာအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ ဒေသတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်ပါတယ်။**

**သူမဟာ ထွက်ကုန်တွေအများကြီးထဲမှာမှ သစ်ကြားသီး ထုတ်လုပ်တဲ့ လုပ်ငန်းကို အဓိကထား လုပ်ကိုင်နေသူဖြစ်ပြီး ကချင်ပြည်နယ်က လူငယ်တွေ အနေနဲ့ မိမိစိတ်ဝင်စားလုပ်ကိုင်လိုတဲ့ လုပ်ငန်းတွေကို ကြိုးစား လုပ်ကိုင်နိုင်ရန်ဖို့ မထုံဖူးနင်ဒွေးက ဘယ်လိုဆောင်ရွက်နေတယ် ဆိုတာကို မြစ်ကြီးနားသတင်းဂျာနယ် ပရိတ်သတ် သိရှိနိုင်ရန်အတွက် တွေ့ဆုံ မေးမြန်းထားပါတယ်။**

**Kasante ကုမ္ပဏီကို တည်ထောင်ဖြစ်တဲ့ အကြောင်းလေး ပြောပြပေးပါဦး။**

အဓိက လုပ်ဖြစ်တဲ့အကြောင်းအရင်းကလည်း ကချင်ပြည်နယ်မှာ သဘာဝအရင်းအမြစ်တွေက အရမ်းများတယ်။ လူငယ်တွေ တော်တော်များများ အဲဒီဘက်မှီခိုနေတယ်။ ဒါပေမဲ့ ကျွန်မက အဲဒီဟာကနေ ခွဲထွက်ချင်တာ။ ကချင်ပြည်နယ်မှာက မြေတွေအရမ်းပေါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာရော၊ တခြားကချင်မှာ unit ဖြစ်တာ အများကြီးရှိတယ်။ အဲဒီဟာကို ကျွန်မတို့ kachin brand အနေနဲ့ ဘယ်လိုသွားမလဲပေါ့နော်။ ပြီးရင် သဘာဝသယံဇာတကိုပဲ မှီခိုတာမျိုး မဟုတ်ဘဲနဲ့ ဒီသီးနှံဆိုရင်လည်း သီးနှံပေါ့။ kachin brand အနေနဲ့ သွားချင်တာ။ အဲဒါကြောင့် တည်ထောင်ဖြစ်ခဲ့တာပါ။

**Kasante လို့ နာမည်ပေးဖြစ်တဲ့ အကြောင်းအရင်းကိုလည်း ပြောပြပေးပါဦး။**

ကျွန်မက ပူတာအို၊ နောင်မွန်းက ဟုတ်တယ်။ ကျွန်မရဲ့ အိမ်ဘေးမှာရှိတဲ့ ချောင်းနာမည်ကို ယူထားတာ ဖြစ်ပါတယ်။ အဓိကကတော့လေ ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာက အမြဲတမ်းစီးဆင်းနေတယ် ဆိုတဲ့အဓိပ္ပါယ်နဲ့ Kasante လို့ နာမည်ပေးဖြစ်သွားတာပါ။

**အဓိကက ဘယ်လိုမျိုးလုပ်ငန်းကို အဓိကလုပ်ဆောင်တာလဲ။**

ကျွန်မတို့က ကချင်ပြည်နယ်မှာထွက်တဲ့ ထွက်ကုန်တွေကို ထုတ်လုပ်တဲ့လုပ်ငန်း၊ စာကြည့်တိုက် ဖွင့်လှစ်တဲ့ လုပ်ငန်းနဲ့ ကချင်ပြည်နယ်က ထွက်ကုန်တွေကို သုတေသနပြုလုပ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ပါတယ်။ အဓိကကတော့ ကချင်စိုက်ပျိုးစီးပွားကို လေ့လာတာ။ အခုလိုမျိုး ထုတ်ကုန်တွေမထုတ်ခင် ၂ နှစ်လောက် သုတေသနလုပ်ခဲ့တယ်။ ကချင်ပြည်နယ်မှာထွက်တဲ့ ရှော်နဲ့ ပတ်သက်တဲ့ဟာ ထုတ်မလို့၊ ဒါပေမဲ့ သိပ်အဆင်မပြေလို့ သစ်ကြားသီးကို ပြန်ထုတ်တာဟုတ်တယ်။

**ကချင်ပြည်နယ်က ထွက်ကုန်အများကြီးရှိတဲ့ အထဲက သစ်ကြားသီးကိုရွေးပြီး ထုတ်လုပ်တဲ့ အကြောင်းအရင်းက ဘာများဖြစ်မလဲ။**

ကျွန်မ သစ်ကြားသီး ရွေးဖြစ်တယ် ဆိုတာက သစ်ကြားသီးက တစ်ခြား တိုင်းနဲ့ပြည်နယ်မှာလည်း မရှိဘူး။ လားရှိုးမှာတော့ ရှိတယ်။ ဆိုတော့ ကျွန်မတို့က ကချင်ကို promote လုပ်တယ်။ ကချင်ပြည်နယ်မှာ ဒါမျိုးရှိနေတယ် ဆိုတာမျိုးပေါ့နော်။ လုပ်ရတဲ့သူကလည်း ပိုပြီးအဆင်ပြေတယ်။ ကချင်ပြည်နယ်မှာ သယံဇာတတင်မက သီးနှံပိုင်းရော တခြား တစ်မူထူးခြားဖြစ်တဲ့ ထုတ်ကုန်တွေလည်း ရှိနေတယ်ဆိုတဲ့ ဟာကို သွားချင်တာ။

**သစ်ကြားသီးကို ဘယ်ဒေသကနေအဓိက ကုန်ကြမ်းအနေနဲ့ ယူပါသလဲ။**

ဆဒုံး၊ ပူတာအို၊ ချီဖွေ စတဲ့ဒေသကနေအဓိက ယူတယ်။ ဒါပြီးရင် ကျွန်မတို့ပန်းမော်ဘက်ကနေပြီးယူဖို့အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ အခြေအနေက ပန်းမော်က ကျွန်မတို့နဲ့ အလှမ်းဝေးတယ်။ သစ်ကြားသီးတွေက တော်တော်များများ တောင်တန်းဒေသတွေမှာပဲ ရှိတော့တာလေ။

**လက်ရှိမှာတော့ သစ်ကြားသီးကို စတင်ဖြန့်ဖြူးနေပြီလား။**

မနှစ်တုန်းက ၂၀၁၉ ခုနှစ် ထုတ်ကုန်လုပ်ငန်းကို စလုပ်နေပါပြီ။ သစ်ကြားသီးထုတ်ကုန် ထုတ်လုပ်ဖို့အတွက် ကျွန်မတို့ ၆ လလောက်ထိ စောင့်ကြည့်ခဲ့တယ်။ အဲဒီတော့ တကယ်တမ်း စထုတ်ဖြစ်တာက လွန်ခဲ့တဲ့ ၇လပိုင်းမှာ ကျွန်မတို့ ဒီမှာပဲထုတ်ကုန်ကို စတင်ဖြန့်ဖြူးပြီး ဈေးကွက်ကို တရားဝင် စဖြန့်တာပေါ့လေ။

**ကချင်ပြည်နယ်မှာရှိတဲ့ သစ်ကြားသီးဈေးကွက်တွေက ဘယ်လို ရှိပါသလဲ။**

ကချင်ပြည်နယ်မှာ သစ်ကြားသီးတွေက အများကြီးတော့ ရှိတယ်။ ဒါပေမဲ့ စီးပွားရေးဖြစ်စိုက်တာ နည်းတယ်။ သစ်ကြားသီးနဲ့ ငရုပ်ကောင်းတွေကိုတော့ ဆဒုံးနဲ့ချီဖွေက လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကတည်းက စိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ဘက်ကို ကုန်ကူးနေတာ။ တရုတ်တွေက အများကြီးဝယ်ကြလေ။ အခု တရုတ်ကဝယ်တာ ရပ်သွားတာ ၃ နှစ်လောက် ရှိပြီ။ အဲဒါကြောင့် သစ်ကြားသီးဆိုပြီးမှ မြစ်ကြီးနားမြို့မှာ အများကြီးမြင်ရတာ။ အမှန်ဆိုရင် တရုတ်ကလည်း ဝယ်တာ ရပ်တာလည်းပါတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာတာလည်းပါတယ်။ ခု မြစ်ကြီးနားမှာဆိုရင် အရမ်းပုံနေတယ်။ ကျွန်မတို့တောင် အကုန်မဝယ်နိုင်မှာ စိုးရိမ်နေတယ်။ အဓိက ကချင်မှာတော့ ကုန်စည်များပြားမှုနဲ့ ဈေးကွက် ပျက်စီးမှု ကွင်းဆက်။ ဘယ်လိုဖြစ်လဲဆိုတော့ တစ်ယောက်က ရာဘာ အရင်စိုက်တယ်၊ သစ်မွှေးပြန်စိုက်တယ်။ ပျက်သွားတယ်။ ရင်းနှီးမြှုပ်နှံလိုက်တဲ့ သူတွေက ပြန်ရမယ့်ရာခိုင်နှုန်းက မရှိသလောက် ရှားတယ်။ ပြီးရင် ကြယ်ပဲသီး၊ နောက်ပြီးတော့ ဝိုင်းမော်ဘက်မှာဆိုရင် ပဲအမျိုးမျိုးပေါ့။ နဂါးမောက်သီးလည်း တစ်ခေတ်ပြန်ထလာတယ်။ ကုန်စည်များပြားမှုနဲ့ ဈေးကွက် ပျက်စီးယိုယွင်းမှုက လည်နေတာပေါ့နော်။ နောက်ပိုင်းတော့ ဘယ်လိုဖြစ်သွားလဲဆိုတော့ ဝိုင်းမော်နဲ့ အောင်မြေ(၁) ဘက်မှာတော့ စိုက်ပျိုးသူတွေရဲ့ ပြောပြချက် အရ ဈေးကွက်က ခဏခဏ ပျက်သွားတော့ သူတို့လည်း ခဏခဏရှုံးတယ်။ မထူးဘူးဆိုပြီး ငှက်ပျောခြံငှားလိုက်တာ အများကြီးပဲ။ အဲဒီဟာတွေလည်း တစ်ထောင့်တစ်နေရာကနေ ပါတာပေါ့နော်။ ကျွန်မဆိုလိုတာက အဲဒါကြောင့် အကျိုးသက်ရောက်မှုက ငှက်ပျောခြံဖြစ်လာတာပါတယ်။ စိုက်ပျိုးသူတွေအများဆုံးက တရုတ်ကိုပဲ မှီခိုနေရတာဆိုတော့ ပိုတဲ့ဘက်ကို သွားလိုက်တာပေါ့နော်။ ကျွန်မတို့ ၂၀၁၇ ခုနှစ်မှာ သုတေသနလုပ်တုန်းက အဲဒီအချက်တွေ တွေ့ရတယ်။

**သစ်ကြားသီးကို ဘယ်နှမျိုး ထုတ်လုပ်တာလဲ။**

၅၀ ဂရမ်နှင့် ၈၀ ဂရမ် ဆိုပြီး နှမ်းချိုဆိမ့်အရသာနဲ့ သက်သတ်လွတ်အရသာ သစ်ကြားသီးလှော်ဆိုပြီး နှစ်မျိုး ထုတ်ပါတယ်။ ဈေးနှုန်းတွေက ၅၀ ဂရမ် တစ်ထုပ်ကို ၁၅၀၀ ကျပ်နဲ့ ၈၀ ဂရမ်တစ်ထုပ်ကို ၂၄၀၀ကျပ်နဲ့ ရောင်းပါတယ်။

**သစ်ကြားသီးထုတ်ကုန်အပြင် တခြား ဘာအသီးအနှံတွေများ ထုတ်လုပ်ဖို့ ရှိပါသလဲ။**

ကျွန်မအခု လောလောဆယ် focus လုပ်တာက တောင်တန်းသီးနှံတွေကို ပိုလုပ်တယ်။ တောင်တန်းဒေသ ဆိုတဲ့ အခါမှာ ကချင်ပြည်နယ်မှာပဲရှိရမယ်။ လူငယ်တွေလည်း အဲဒီဘက်ပိုင်းကို ဝင်ငွေတွေရှာလို့ ရပ်တည်လို့ရတယ်။ ရေရှည်တည်တံ့ ဖွံ့ဖြိုးတဲ့ပုံစံမျိုးနဲ့ သွားချင်တာ။ ဒီ ကချင်ပြည်နယ်မှာ ကျွန်မက မိုးညှင်းက ငါးပေါက်သီးစိတ်ဝင်စားတယ်။ အဲဒါလည်း ကချင်ရဲ့ထူးခြားတဲ့ အရာဖြစ်တယ်။ မိုးညှင်းဘက်မှာ ငါးပေါက်သီးတောတွေကို ထိန်းသိမ်းတဲ့ ရွာတွေရှိတယ်။ အင်းတော်ကြီးဘက်မှာရောပဲ။ အဲဒါကို စမ်းချင်တယ်။ ဒီနှစ်ကနေစပြီး အချက်အလက်တွေ ကောက်သွားဖို့ရှိတယ်။

**အစ်မအနေနဲ့ ကချင်ပြည်နယ်မှာရှိတဲ့ လူငယ်တွေကို အားပေးချင်တဲ့စကားလေးရှိရင် ဖြည့်စွက်ပြောပေးပါဦး။**

ကျွန်မအနေနဲ့ လူငယ်တွေကို အားပေးချင်တာက သယံဇာတကို အရမ်းကြီး မှီခိုတာမျိုး မဟုတ်ဘဲနဲ့ ကချင်မှာလည်း စီးပွားရေးလုပ်မယ် ဆိုရင်တော့ အများကြီး လုပ်လို့ရမယ့် ကဏ္ဍတွေ အများကြီးရှိတယ်။ ဥပမာ စိုက်ပျိုးရေးကဏ္ဍတွေ အများကြီးရှိတယ်။ ကချင်လို့ပြောလိုက်တဲ့ အချိန်မှာ သဘာဝသယံဇာတကိုပဲ မြင်ကြတယ်။ ပြီးတော့ ကချင်အထည်တွေဆိုအရမ်း နာမည်ရနေပြီပေါ့နော်။ ကချင်ပြည်နယ်က တခြားထုတ်ကုန်ပိုင်းကို ဘယ်လိုလုပ်မလဲဆိုတာကို လူငယ်တွေကို အဲဒီလိုမျိုးဘက်ကို ပိုသွားခိုင်းစေချင်ပါတယ်။



# တာလောကြီး ကျေးရွာတွင် လွန်ခဲ့သည့် နှစ်နှစ်ကျော်အချိန်ကတည်းက
# ဝါယာရိန်းလုပ်ငန်းများ လုပ်ကိုင်ခဲ့သော်လည်း ယနေ့ချိန်ထိတိုင် လျှပ်စစ်မီးမရရှိသေး



ဖေဖော်ဝါရီ ၂၂

မြန်မာ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ကချင်ပြည်နယ်)မှ ဝိုင်းမော် မြို့နယ်၊ တာလောကြီးကျေး ရွာတွင် လွန်ခဲ့သည့် ၂ နှစ် ကျော်က လျှပ်စစ်မီးပေးမည် ဟုဆိုကာ လုပ်ငန်းအချို့ ဆောင်ရွက် ပြီးစီးထားသော် လည်း ယခုအချိန်ထိ မီတာ ဘောက်များ လာရောက် တပ်ဆင်ပေးခြင်း မရှိသေး ကြောင်း ရွာခံများက ပြော သည်။

အဆိုပါ ကျေးရွာတွင် လျှပ်စစ်မီး ရရှိရေးအတွက် ၂၀၁၈ ခုနှစ် မတ်လခန့်က စပြီး လမ်းမကြီးတစ်လျှောက် တွင် ဓာတ်တိုင်များ စိုက်ထူ ခြင်းနှင့် မီးကြိုးလိုင်းများ သွယ်တန်းတပ်ဆင်ခြင်းကို ပြုလုပ်ပြီးစီးခဲ့ပြီး ဖြစ် ကြောင်း သိရသည်။

"ကျွန်တော့်အိမ်မှာဆိုရင် ဝါယာရိန်းရိုက်တာ ၅ သိန်း ကျော်တောင် ကုန်တယ်။ အခုထိ မီတာဘောက် လာ မတပ်ပေးဘူး။ မီးကြိုးတွေ တောင် အားလုံးဆွေးတော့ မယ်။ မြို့နယ်ကို သွားတိုင်း ဒီ လျှပ်စစ်မီးရရှိရေးအတွက် တင်ပြတာ အခုထိရက်ချိန်း ပြီး ဘာမှ လာမလုပ်ပေးဘူး" ဟု တာလောကြီး ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင် ဆန်းထူးက ပြောသည်။

ဒေသခံပြည်သူများအ နေဖြင့် လျှပ်စစ်မီးရရှိမည် ဖြစ်သည့်အတွက် အိမ်အ တွင်း ဝါရာရိန်းရိုက်သည့် ကုန်ကျငွေများကို တစ်အိမ် လျှင် ၁ သိန်းမှ ၆ သိန်းအထိ ကုန်ကျခံ ပြုလုပ်သော်လည်း ယနေ့ချိန်ထိ မီးလင်းမည့်အ ရေး စောင့်ဆိုင်းနေရသည်။

အထက်ပါကျေးရွာသို့ လျှပ်စစ်ဓာတ်အား ရရှိရန်အ တွက် ပြည်နယ်အစိုးရရန်ပုံ ငွေဖြင့် ကုန်ကျခံဆောင်ရွက် နေပြီး ဓာတ်အားလွှတ်ပေး ရန်အတွက် မိုင်းနားပင်မ ဓာတ်အားခွဲရုံ ဆောက်လုပ် ပြီးစီးချိန် စောင့်ဆိုင်းနေရ ခြင်းကြောင့် ကြန့်ကြာနေ ကြောင်း ဘူးဂါးလျှပ်စစ် ဓာတ်အားပေးရုံးမှ မန်နေ ဂျာ ဦးလအောင်က ပြော သည်။

"ကျွန်တော်တို့ သိရ သလောက်က ဓာတ်အားရရှိ ရေးအတွက် ကြိုတင်ဆောင် ရွက်ထားတဲ့ သဘောဖြစ် တယ်။ ကျွန်တော်တို့ကတော့ ဝါယာရိန်း လိုက်ရိုက်ပေး တာက ပူးပေါင်းဆောင်ရွက် တဲ့ အပိုင်းဖြစ်ပါတယ်။ မီး ကြိုးတွေက ၁၀ နှစ်အထိ ခံနိုင်ရေ ရှိပါတယ်"ဟု ဦး လအောင်က ပြောသည်။

ယင်းကျေးရွာသည် အ ရှည် ၂ မိုင်ခွဲခန့်ရှိပြီး အိမ်ခြေ ၁၂၆၉ ရှိကာ လူဦးရေ၆၄၃၆ ဦး ရှိကြောင်းနှင့် ဒေသခံ များမှာ လယ်ယာမြေကို အဓိကထား လုပ်ကိုင်စား သောက် နေထိုင်သူများ ဖြစ် ကြောင်းလည်း သိရသည်။■

မွန်းမွန်းပန်၊ Ann

# လူငယ်များ၏တန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဟောပြောပွဲ ပြုလုပ်



ဇန်နဝါရီ ၂၄

လူငယ်များ၏ တန်ဖိုး နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင် ရာဟောပြောပွဲကို မြစ်ကြီး နားတက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမ၌ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ သည်။

မြစ်ကြီးနားမြို့ရှိ လူငယ် များ၏ ပြောင်းလဲစီးဆင်းမှုမှ တိုင်းပြည်တစ်ခု ပြောင်းလဲ လာမည်ကို ယုံကြည်သည့် အတွက်ကြောင့် စတင် ကျင်းပ ပြုလုပ်ရခြင်းဖြစ် ကြောင်း Value of Youth အဖွဲ့မှ ဆရာမဒေါ်နီဆက် တင်ထူးက ပြောသည်။

"ခုချိန်ခါမှာ လူငယ်တွေ အတွက်ကောင်းမွန်တဲ့အနာ ဂါတ်ကို တည်ဆောက်ပေး ချင်မှ ပေးနိုင်လိမ့်မယ်။ ဒါ ပေမဲ့ ယုံကြည်တာကတော့ ကောင်းမွန်တဲ့အနာဂါတ်ကို တည်ဆောက်နိုင်မယ့် လူ ငယ်တွေကို ကျွန်မတို့ ဒီနေ့ စတင်ပြီးတော့ မွေးဖွားပေး မှာ ဖြစ်ပါတယ်"ဟု ဆရာမ ဒေါ်နီဆက်တင်ထူးက ပြော သည်။

ယင်း ဟောပြောပွဲတွင် ဆရာဒေးဗစ်လာ၊ ဆရာပြေ ခိုင်နှင့် ဒေါက်တာဆာဆာ တို့မှ လူငယ့်တန်ဖိုး၊ လူငယ် များဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို လူငယ်များ စိတ်ဓါတ်ခွန်အား ရရှိစေရန် အတွက် ဟောပြောမှုများ ပြုလုပ်ခဲ့ကြသည်။

လူငယ်များ အနေဖြင့် လက်ရှိတိုင်းပြည်ကို တာဝန် ယူဆောင်ရွက်နေသည့် လူ ကြီးများကို ပညာပေးခြင်း၊ အကြံပေးခြင်းများကိုပြုလုပ် နိုင်ကြောင်းနှင့် လူငယ်များ အနေဖြင့်လည်း နိုင်ငံသား များ အားလုံးအတွက် အင် မတန်မှ တန်ဖိုးရှိသည့် လူ ငယ်များဖြစ်အောင် ကြိုးစား ကြရန် ကချင်ပြည်နယ်ဝန် ကြီးချုပ် ဒေါက်တာခက် အောင်က ယင်းဟောပြော ပွဲတွင် အမှာစကားပြော ကြားခဲ့သည်။

"ကိုယ့်ကိုကိုယ် လေ့လာ ဆည်းပူးပါ။ စာရိတ္တကောင်း မွန်ပြီး ပြည့်စုံတဲ့လူငယ်ဖြစ် ဖို့ အရေးကြီးပါတယ်" ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ သည်။

ယခုကဲ့သို့ ဟောပြောပွဲ သည် လူငယ်များအတွက် ခွန်အားရစေသည့် ဟော ပြောပွဲ ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ် လူငယ်ရေး ရာကော်မတီက လာမည့် မတ်လသို့မဟုတ် ဧပြီလတွင် ကချင်ပြည်နယ် လူငယ်ရေး ရာဖိုရမ်တစ်ခု ကျင်းပပြုလုပ် ရန် အစီအစဉ်ရေးဆွဲနေ ကြောင်း ကချင်ပြည်နယ် လူငယ်ရေးရာ ကော်မတီမှ အတွင်းရေးမှူး မ မနော့နှင်း ချယ်ရီက ပြောသည်။

"ဒီလို ဟောပြောပွဲက အရမ်း ကောင်းတယ်လို့ မြင် ပါတယ်။ ဘာဖြစ်လို့လဲဆို တော့ တကယ့်လူငယ်ပွဲ အ စစ်အမှန်ပွဲတခုလိုမျိုး ခံစား ရတယ်"ဟု ၎င်းက ပြော သည်။

ယင်း ဟောပြောပွဲသို့ လာခံတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ၊ ကချင်ပြည် နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် တက်ရောက်ခဲ့ ပြီး၊ မြစ်ကြီးနားမြို့မှ လူငယ် စုစုပေါင်း ၂၀၀၀ ကျော် ပါဝင်ခဲ့သည်။ ■

မျိုးမြတ်မြတ်ပန်

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုခွင့် ကတ်ပြား ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီ




ဖေဖော်ဝါရီ ၁၇

တက္ကသိုလ်ဝင်တန်း စာ မေးပွဲ ဖြေဆိုခွင့် ကတ်ပြား များကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ စတင်ကာ ထုတ် ယူနိုင်ပြီဖြစ်ကြောင်း မြန်မာ နိုင်ငံ စာစစ်ဦးစီးဌာနမှ ထုတ် ပြန်ကြေညာထားသည်။

အခြေခံပညာကျောင်း နှင့် ကိုယ်ပိုင်အထက်တန်း ကျောင်းများမှ ကျောင်းသား များသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများမှ ထုတ် ယူကြရမည်ဖြစ်ကြောင်း သိ ရသည်။

အပြင်မှ ဖြေဆိုသူများ သည် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို မိမိတို့ ဖြေဆို မည့်စာစစ်ဌာနကြီးကြပ်ရေး မှူးများထံမှ ထုတ်ယူကြရ မည် ဖြစ်သည်။

ကျောင်းသူကျောင်းသား များအနေဖြင့် စာမေးပွဲဖြေ ဆိုခွင့်ကတ်ပြား ထုတ်ယူရာ တွင် အခက်အခဲတစ်စုံတစ် ရာရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ကြီး ကြပ်ရေးမှူးများ၊ မြို့နယ် ပညာရေးမှူးများနှင့် မြန်မာ နိုင်ငံ စာစစ်ဦးစီးဌာနထံ တိုက်ရိုက် စုံစမ်းမေးမြန်းနိုင် ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ပညာသင် နှစ် ကချင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆို ရန် စာရင်းသွင်းထားသည့် လက်ရှိ ကျောင်းသား၊ ကျောင်းသူ ဦးရေသည် (၃၉၄၉၀) ရှိကြောင်း ပြည် နယ်ပညာရေးမှူးရုံးမှ သိရ သည်။ ■

Ann

# မြစ်ကြီးနား – ဆွမ်ပရာဘွမ် – ပူတာအိုလမ်းကို

## ၂၀၂၀– ၂၁ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်မည်



ဖေဖော်ဝါရီ ၂၅

မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းကို ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် လမ်းဦးစီးဌာနက လမ်းအထူးအဖွဲ့များက ကွန်ကရစ်လမ်းနှင့် တံတားများ ဆောက်လုပ်နေကြောင်း ပြည်နယ်ဆောက်လုပ်ရေး ဦးစီးဌာနက သိရသည်။

အဆိုပါလမ်းသည် စုစုပေါင်း ၃၃၃ ဒဿမ ၈၅ ကီလိုမီတာ အရှည်ရှိပြီးလမ်းဦးစီးဌာနက လမ်းအထူးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၂)နှင့်အတူ ကုမ္ပဏီစုစုပေါင်း ၁၃ ခုတို့က တောင်များကို ဖြိုချခဲ့ထွင်၍ ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတား ၂၀၉ စင်း ဆောက်လုပ်ခြင်းများ ပြုလုပ်နေကြောင်း သိရသည်။

လုပ်ငန်းစဉ်များကို ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် အပြီးစီးဆောင်ရွက်သွားမည်ဖြစ်ပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းမကြီးသည် လမ်းတစ်လျှောက်ကတ္တရာ၊ ကွန်ကရစ်လမ်းဖြစ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တံတားအထူးအဖွဲ့(၁)က ဆွမ်ပီယန်တံတား၊ ဖုန်ချန်တံတားနှင့် စီနင်ခ တံတားကြီးများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်းလည်း သိရသည်။

လက်ရှိတွင် မြစ်ကြီးနား- ဗန်းမော်- မန္တလေး လမ်းကိုလည်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကိုလည်း ပြုလုပ်နေကြောင်း ပြည်နယ်ဆောက်လုပ်ရေး ဦးစီးဌာနက သိရသည်။ ■

မွန်းမွန်းပန်

# ဝန်ထမ်းအိမ်ယာသစ် ဆောက်လုပ်ရန် မြေကြီးတူးဖော်ရာမှ

## စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ




ဖေဖော်ဝါရီ ၂၁

မြစ်ကြီးနားမြို့၊ ရှာရပ်ကွက်ရှိ ပညာရေးဌာန၏ ဝန်ထမ်း အိမ်ယာသစ် ဆောက်လုပ်ရန် မြေကြီးတူးဖော်ရာမှ စစ်ကျန် ဗုံးသီးဟောင်းတစ်လုံးကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် တွေ့ရှိခဲ့ကြကြောင်း မြို့မရဲစခန်းမှ သိရသည်။

အဆိုပါ စစ်ကျန်ဗုံးသီးဟောင်းမှာ အလေးချိန်ပေါင်(၁၀၈)ခန့်၊ အရှည်(၃)ပေ၊ လုံးပတ်(၂၆)လက်မခန့်ရှိကြောင်းနှင့် ဗုံးသီးဟောင်းကို မြစ်ကြီးနားတပ်နယ်မှ တပ်မတော်သားများက အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေး လာရောက်စစ်ဆေးကာ သိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

ပညာရေး ဝန်ထမ်းအိမ်ယာစခန်းတွင် အဆင့်မြင့် ၄ ထပ်တိုက် ဆောက်လုပ်ရန် ဆောက်လုပ်ရေး လုပ်သားများက ဖောင်ဒေးရှင်း မြေကြီးတူးဖော်နေစဉ် တူးဖော်သည့် ကျင်းနေရာတွင် တွေ့ရှိခဲ့သဖြင့် အိမ်ယာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ ဦးထက်မြတ်ဟိန်းက သက်ဆိုင်ရာသို့ ဆက်သွယ် အကြောင်းကြားခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# ဗန်းမော်ခရိုင် အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများကို

## အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်



ဖေဖော်ဝါရီ ၂၅

ဗန်းမော်ခရိုင်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ဒုက္ခသည်များဆိုင်ရာကောင်စီတို့ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၄ ရက်က ဗန်းမော်မြို့ရှိ ပါရာဒိုက်ဟိုတယ် အစည်းအဝေးခန်းမတွင် ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်အတွင်း ထွက်ရှိသည့် ကုန်ကြမ်းသီးနှံမှတစ်ဆင့် ကုန်ချောစားသုံးကုန်နှင့် လူသုံးကုန် ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းပိုင်ရှင်များက လုပ်ငန်းအလိုက် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေနှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် စွမ်းဆောင်ကာ ကိုယ်ပိုင်ဝင်ငွေရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို လုပ်ငန်းရှင်များက ဆွေးနွေးခဲ့သည်။

ဗန်းမော်မြို့အစိုးရ နည်းပညာအထက်တန်း ကျောင်းမှ ကျောင်းအုပ်ကြီး ဦးကြည်ဇော်ထွန်းက အစိုးရနည်းပညာ အထက်တန်းကျောင်းရှိ ကျောင်းသူ/သား များကို အသေးစား စက်မှုလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးနေမှုများနှင့် ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဗန်းမော်နှင့် မိုးမောက်မြို့နယ်များရှိ နေရပ်စွန့်ခွာစခန်းများမှ ဒေသခံပြည်သူ ၄၄ ဦးကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# မြစ်ကြီးနား အကျဉ်းထောင်မှ မိလ္လာကန်အနံ့

## ပတ်ဝန်းကျင် နေအိမ်များကို အနှောင့်အယှက်ပေးနေဆဲ



ဖေဖော်ဝါရီ ၂၁

မြစ်ကြီးနားမြို့ အကျဉ်းထောင်အတွင်းရှိ မိလ္လာကန်အားနေ့စဉ် စုပ်ထုတ်နေသော်လည်း အကျဉ်းထောင်အနီးရှိ နေအိမ်အချို့မှာ မိလ္လာအနံ့ကို ခံစားနေရဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ မိလ္လာကန်ကို နေ့စဉ် ၅ ကြိမ်ခန့်စုပ်ထုတ်နိုင်လျှင် မိလ္လာကန်အနံ့ကို ခံစားရမည်မဟုတ်ကြောင်း အကျဉ်းထောင် အနီးတွင် နေသော ဒေါ်မေထားဦးက ပြောသည်။

"အခုက တစ်ရက်ကို ၅ ခေါက်လောက်က မထုတ်ဘဲနဲ့ တစ်ရက်ကို ၃ ခေါက်လောက်ပဲ ထုတ်တော့ လုံးဝအဆင်မပြေဘူး။ ပြန်လျှံတယ်။ ပြန်ထွက်တယ်။ ပြန်နံတယ်" ဟု ဒေါ်မေထားဦးက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

မြစ်ကြီးနားသတင်းဂျာနယ်မှ အကျဉ်းထောင် ဦးစီးမှူး ဦးကျော်ထွန်းဦးကို စုံစမ်းမေးမြန်းခဲ့ရာ နေ့စဉ် နံနက်ပိုင်းမှ ညနေ ၆ နာအထိ စဉ်ဆက်မပြတ် စုပ်ထုတ်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

"တစ်ရက်ကို ၅ ခေါက်မကဘူး။ အချိန်ရသလောက် စုပ်ထုတ်နေတာပါ၊ ၆ခေါက်လည်း ရတဲ့အခါရတယ်။ နေ့တိုင်းအဲဒီမှာ မိလ္လာကားကြီးရှိနေတာပဲ"ဟုဦးကျော်ထွန်းဦးက ပြောသည်။

မြစ်ကြီးနား သတင်းဂျာနယ်အတွဲ(၇)အမှတ် (၂)တွင် "မြစ်ကြီးနားအကျဉ်းထောင် မိလ္လာကန်မှအနံ့ကြောင့် ပတ်ဝန်းကျင်နေအိမ်များ အခက်တွေ့"ဟူသောခေါင်းစဉ်ဖြင့် ရေးသားပြီး ၁၀ ရက်ခန့်အတွင်း မိလ္လာကန် အနံ့ပျောက်သွားသော်လည်း နောက်ပိုင်းတွင် မိလ္လာကန် ပြန်လည်လျှံထွက်ခြင်းကြောင့် အနံ့များ ပြန်လည် ဆိုးဝါးလာခဲ့ကြောင်းလည်း ဒေါ်မေထားဦးက ရှင်းပြသည်။

မြစ်ကြီးနား အကျဉ်းထောင် မိလ္လာကန်နှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ရှိ နေအိမ်များမှ မြို့နယ်စည်ပင်သာယာရေး ကော်မတီသို့ စာတင်ခဲ့ပြီး စည်ပင်ဝန်ထမ်းများမှ လာရောက်ကြည့်ရှုခဲ့သော်လည်း ယနေ့ချိန်ထိထူးခြားမှုမရှိဘဲ အနံ့များ ပိုမိုဆိုးရွားလာကြောင်း ပတ်ဝန်းကျင် နေအိမ်များက ပြောသည်။ ■

Ah Je

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၈၊ ၂၀၂၀)

# ဝန်ကြီးများအနေဖြင့် အောက်ခြေဝန်ထမ်းများမှ သနပ်ခါးလိမ်း၊ ရေမွှေးဆွတ်ပြီး ပို့လိုက်သည့် အဖြေများကို

## လွှတ်တော်အတွင်း လာရောက် ဖတ်ကြားခြင်းမျိုး မပြုလုပ်ရန် ဆော့လော်အမတ် အဆိုတင်



ဖေဖော်ဝါရီ ၂၅

ဆော့လော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူမှ ကချင်ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင် ပြည်သူများ လိုအပ်ချက်များအရ ပြည်သူကိုယ်စား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ လွှတ်တော်သို့အလေးအနက်ထားကိုယ်တိုင်ဖြေကြားပေးရန် အဆိုတင်သွင်းခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ အနေဖြင့် အောက်ခြေဝန်ထမ်းများမှ သနပ်ခါးလိမ်း ရေမွှေးဆွတ်ပြီး ပို့လိုက်သည့် အဖြေများကို လွှတ်တော်အတွင်း လာရောက် ဖတ်ခြင်းမျိုးမပြုလုပ်ရန် တောင်းဆိုခဲ့သည်။

“ဝန်ကြီးများ နှုတ်ဖြင့် ပြောဆိုရာတွင် အောက်ခြေမှသနပ်ခါးလိမ်း၊ရေမွှေးဖြန်းပြီး ပို့လိုက်တဲ့အဖြေလွှာကို လာဖတ်ခြင်းထက် အမှန်ကန်ဆုံး၊ အဖြစ်သင့်ဆုံး အဖြေလွှာကို လေ့လာသုံးသပ်ပြီး လာရောက်ဖြေကြားစေလိုပါတယ်”ဟုဒေါ်ခေါ်မာဝူက ထောက်ပြပြောဆိုခဲ့သည်။

အစိုးရ အဖွဲ့ဝင်များသည်လွှတ်တော်မှမွေးထုတ်လိုက်သည့် ဝန်ကြီးများဖြစ်သည့်အတွက် မည်မျှပင်အလုပ်များစေကာမူ လွှတ်တော်သို့ ကိုယ်တိုင်လာရောက် ဖြေကြားစေလိုကြောင်း၊ လွှတ်တော်သည် ဂုဏ်သိက္ခာရှိသည့် မဏ္ဍိုင်ဖြစ်သည့်အတွက် ရင်ထဲထည့်မှတ်ထားစေလိုကြောင်းလည်း ထပ်ဆင့်တိုက်တွန်းပြောကြားသည်။

“ပြည်သူများယုံကြည်စွာ မေးမြန်းလိုက်တဲ့ မေးခွန်းကို အရေးတကြီးဖြေကြားရမည့် မေးခွန်းပါသည်ကို သိပါလျက် ဝန်ကြီးကိုယ်တိုင် ဖြေကြားခြင်းမဟုတ်ဘဲ ကိုယ်စားလာဖြေတဲ့ အခါမှာ အောက်ခြေနဲ့ ကွဲလွဲတာတွေရှိပါတယ်။ ထပ်ဆင့်မေးခွန်းများကို မေးမြန်းချင်သော်လည်း သက်ဆိုင်ရာ ဝန်ကြီး မဟုတ်သည့်အတွက် မေးခွန်းနှင့်ဆိုင်သော ပြည်သူများ များစွာနစ်နာပါတယ်” ဟု ဒေါ်ခေါ်မာဝူက ဆိုသည်။

တချို့အဆိုများ အောင်မြင်သည်မှာ ၄ နှစ်ကြာပြီဖြစ်သော်လည်း လက်တွေ့အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက် ခြင်းမရှိသည့်အတွက် ကြယ်ပွင့်ပြမေးခွန်း ပြန်လည် မေးမြန်းရာတွင် မြေပြင်သို့ ကွင်းဆင်းခြင်းအလုပ်ပင် မလုပ်ရသေးကြောင်း ဖြေကြားမှုသည် ပြည်သူများကို မလေးစားရာ ရောက်ကြောင်းလည်း ထောက်ပြဝေဖန်ခဲ့သည်။

ဒေါ်ခေါ်မာဝူ တင်သွင်းသည့် အဆိုနှင့် ပတ်သက်ပြီး မိုးညှင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်အေးမှ ထောက်ခံဆွေးနွေးခဲ့သည်။

၂၀၁၃ ခုနှစ် တိုင်း၊ ဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေများနဲ့ အညီဥပဒေပုဒ်မ (၁၀၃)မေးခွန်းများ မေးမြန်းခြင်း၊ ဥပဒေပုဒ်မ(၁၀၅) နှုတ်ဖြင့် ဖြေဆိုရမည့် မေးခွန်းများနှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဟာ ဤဥပဒေချက်များနှင့် အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်များနှင့် လွှတ်တော်သို့ တင်ပြတောင်းဆိုခဲ့ကြောင်း ဦးတင်အေးက ပြောသည်။

“လွှတ်တော်ဥက္ကဋ္ဌရဲ့ တင်ပြချက်အရ တောင်းဆိုမှုများပေါ်မှာ အချို့ဝန်ကြီးများဟာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ တင်ပြမေးမြန်းချက်များကို ပြီးစလွယ် ဖြေဆိုသွားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းဟာ သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားတဲ့ အခါမှာ သက်ဆိုင်ရာ အောက်ခြေအဆင့်ဆင့်က တင်ပြအတိုင်းသာ အလေးအနက် ထားခြင်းမရှိတာကို သိပြီးတော့မှ ဖြေသွားတာကို တွေ့ရှိရပါတယ်”ဟု ဦးတင်အေးက ဆိုသည်။

အချို့ဝန်ကြီးများ ဖြေကြားချက်များသည် တိကျသော်လည်း အချို့ဝန်ကြီးများမှာ ကိုယ်စားလှယ်တော်များ၏ ကျေနပ်သည့် အဖြေကို မရှိကြောင်းလည်း တစ်ဆက်တည်း ပြောကြားခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ စတင်ကျင်းပလျက်ရှိသည်။ ■

စည်သူ(မြစ်ကြီးနား)

# မချမ်းဘောမြို့နယ်ရှိ အလန်ဂါးကျေးရွာတွင် လျှပ်စစ်မီးရရှိရေး လုပ်ဆောင်ပေးရန် နှင့်

## ရေကာတာတန်း တည်ဆောက်ပေးရန် ရှိ/မရှိ လွှတ်တော်တွင် မေးခွန်းမေး

ဖေဖော်ဝါရီ ၂၅

မချမ်းဘောမြို့နယ်ရှိ အလန်ဂါးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးနှင့် လယ်မြေများ ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် ရေကာတာတန်း တည်ဆောက်ပေးရန် ရှိ/မရှိကို ဖေဖော်ဝါရီ ၂၅ ရက်နေ့က ပြုလုပ်သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်တွင် မချမ်းဘောမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဆွမ်ဒူနော်အောင်က ကြယ်ပွင့်ပြမေး ခွန်း မေးမြန်းခဲ့သည်။

ယင်း အလန်ဂါးကျေးရွာသည် လျှပ်စစ်မီးမရရှိသည့် ကျေးရွာ ဖြစ်သည့်အတွက် ရွာမှ ၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် ပေ ၂၀ ခန့်မြင့်သည့် အင်ဒွန်ခချောင်း ရေတံခွန်မှ ရေအားလျှပ်စစ် အသေးစား ထုတ်ယူသုံးစွဲပါက သင့်တော်ပါကြောင်း၊ ရွာလူထုများ ကွင်းဆင်းလေ့လာပြီး မြို့နယ်ထွေအုပ်သို့ တင်ပြပြီးဖြစ်ကြောင်း၊ ဦးဆွမ်ဒူနော်အောင်က ပြောသည်။

၂၀၂၀-၂၁ ပြည်နယ်ဘတ်ဂျက်ဖြင့် အင်ဒွန်ခချောင်း အသေးစားရေအား လျှပ်စစ် ထုတ်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် မချမ်းဘောမြို့တွင် သုံးစွဲနေသော နမ်ထွန်ချောင်း ရေအားလျှပ်စစ်မှ အလန်ဂါးကျေးရွာ အထိ သွယ်တန်းပေးပါရန် အစီအစဉ်ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက်လည်း ဦးဆွမ်ဒူနော်အောင်က “ယင်း ရေကာတာတန်း ဆောက်ပေးနိုင်ပါက လယ်မြေဧက ၄၅ ဧကကို အကျိုးပြုနိုင်မှာဖြစ်ပြီး ကုန်ကျငွေ ၁၅ သိန်း ခန့်မှန်းထားပါတယ်။ ၂၀၂၀-၂၁ ပြည်နယ်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် ဒေသန္တရစာရင်းတွင်လည်း ထည့်သွင်းထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိမရှိ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်” ဟု မေးမြန်းပြောဆိုခဲ့သည်။

ယင်းအပေါ်တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမှ ဝန်ကြီးက “အင်ဒွန်ခချောင်းမှ အသေးစားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် လောလောဆယ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါနှင့် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ် လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်ရန်ပုံငွေဖြင့် နှစ်စဉ် ရန်ပုံငွေများတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မချမ်းဘောမြို့နယ် အလန်ဂါးကျေးရွာ လျှပ်စစ်မီးရရှိရေး အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးစွာကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး ဆောင်ရွက် ပေးသွားမည်” ဟု ဝန်ကြီး ဦးဝင်းညွန့်က ပြန်လည်ဖြေကြားခဲ့သည်။

ရေကာတာတန်း ဆောက်လုပ်ပေးရန် ရှိ/မရှိ ဆိုသည့် မေးမြန်းမှုအပေါ်တွင်လည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ကွင်းဆင်းစစ်ဆေးချက်အရ မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရံပုံငွေတွင် ထည့်သွင်း လျာထားပေးသွားမည်ဖြစ်ပြီ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဝန်ကြီးဦးဝင်းညွန့်က ပြန်လည်ဖြေကြားခဲ့သည်။

ယင်း ကျေးရွာသည် မချမ်းဘောမြို့မှ ၁၁ မိုင်ခန့်ကွာဝေးပြီ မဲဆန္ဒ ၂ တွင် အကြီးဆုံးသော ကျေးရွာအုပ်စုဖြစ်ကာ အိမ်ထောင်စု ၁၁၅ စု လူဦးရေ ၆၄၀ ကျော် နေထိုင်ကြသည့်ကျေးရွာ ဖြစ်သည်။ ■

Salai

# မော်ဖောင်းရှိ အခြေခံပညာအလယ်တန်း ကျောင်းခွဲကို အဆင့်တိုးမြှင့်ရန်နှင့် ဆရာ၊ဆရာမ အင်အားတိုးမြှင့်ပေးရန်

## အစီအစဉ်ရှိ/မရှိ လွှတ်တော်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် မေးခွန်းမေး

ဖေဖော်ဝါရီ ၂၅

မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စုရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲ (မော်ဖောင်း)ကို အဆင့်တိုးမြှင့်ရန်နှင့် ဆရာ၊ဆရာမ အင်အားတိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သောင်းအေးက လွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင် မေးမြန်းခဲ့သည်။

မြစ်ကြီးနားမြို့မှ ဆယ်မိုင်ခန့်ကွာဝေးသည့်အဆိုပါကျောင်းသည် မူလတန်းကျောင်းသား ၂၇၀ ဦး၊ အလယ်တန်း ကျောင်းသား/သူဦးရေ ၂၀၂ ဦး စုစုပေါင်း ၄၇၃ဦးရှိပြီး ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ၊ဆရာမဦးရေ ၁၃ ဦး၊ အထွေထွေလုပ်သား ၁ ဦးတို့ဖြင့် သင်ကြားပေးနေကြောင်း သိရသည်။

မူလတန်း (၆)ခန်းလျှင် စာသင်ချိန်(၇)ချိန်နှင့် စုစုပေါင်း (၄၂)ချိန်၊ အလယ်တန်း (၄)ခန်းလျှင် စာသင်ချိန်(၈)ချိန်နှင့် စုစုပေါင်း (၃၂)ချိန် တစ်ရက်လျှင်စုစုပေါင်း စာသင်ချိန် (၇၄)ကြိမ်ကို ဆရာ၊ဆရာမဦးရေ၁၃ဦးဖြင့်သာ စာသင်ကြားနေရသောကြောင့် ဆရာ၊ဆရာမ အင်အားဖြည့်တင်းပေးရန် လိုအပ်ကြောင်း တင်ပြခဲ့သည်။

ထို့အပြင် စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသားဦးရေ အများအပြားဖြင့် တက်ရောက် သင်ကြားနေကြရပြီး ဆရာ၊ဆရာမများနှင့် ကျောင်းသားများအတွက်ပရိဘောဂနှင့်အိမ်သာ အလုံအလောက် ရှိရန်လည်း လိုအပ်နေကြောင်း ဒုတိယဗိုလ်မှူးကြီး သောင်းအေးက ပြောသည်။

“အခု အနေအထားက တတိယတန်းက လွဲလို့ စာသင်ခန်း တစ်ခန်းမှာ ကျောင်းသားများစွာနဲ့ သင်ကြားလျက် ရှိနေပါတယ်။ တကယ်တော့ စာသင်ခန်း တစ်ခန်းလျှင် ကျောင်းသား ၃၀ နှင့် ၄၀ ကြား သင်ကြားသင့်ပါတယ်။ အဲ့ဒီထက်ပိုတဲ့ ကျောင်းသားတွေကို အခန်းခွဲမယ်ဆိုရင် ဆရာ၊ဆရာမ အင်အား မည်သို့မျှ မလောက်နိုင်ကြောင်း တွေ့ရပါတယ်”ဟု တင်ပြခဲ့သည်။

ထို့အပြင် လာမည့် ပညာသင်နှစ်တွင် အမှတ်(၃)တပ်ရင်းမှ ကျောင်းသူ၊သားများသည် မော်ဖောင်းအ. လ. က တွင် တက်ရောက်ကြမည်ဖြစ်သောကြောင့် ယခုထက်ပိုပြီး ကျောင်းသား ဦးရေတိုးများလာနိုင်ပြီး ကျောင်းအဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းခဲ့ခြင်းဖြစ်သည်။



အဆိုပါမေးခွန်းနှင့် ပတ်သက်ပြီး လူမှုရေးဝန်ကြီး ဦးနေဝင်းက ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ကျောင်းသားဦးရေ မပြည့်မီသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများ၊ သဘာဝအတားအဆီးရှိသည့် ဒေသများ၊ ပြည်မကျောင်းနှင့် နှစ်မိုင်ထက်ကွာဝေးသည့် ကျောင်းများ၏ တန်းစီဇယားအရ ပညာရေးဝန်ကြီးဌာန အခြေခံဦးစီးဌာနနေပြည်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း ဖြေဆိုခဲ့သည်။

ကျောင်းသုံး ပရိဘောဂနှင့် ပတ်သက်သည်များကို ကျောင်းအုပ် ဆရာမကြီးထံမှတစ်ဆင့် မြို့နယ်ပညာရေးမှူးများထံ တင်ပြပါက ချက်ချင်း အလျင်အမြန် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်းလည်း ဖြေကြားခဲ့သည်။

မြစ်ကြီးနားမြို့နှင့် ဆယ်မိုင်ခန့်ဝေးကွာသော မော်ဖောင်း အခြေခံပညာအလယ်တန်း ကျောင်းခွဲကို ၂၀၁၃ ခုနှစ်တွင် အလယ်တန်းကျောင်းခွဲအဖြစ် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ■

Ann

# ကချင်ပြည်နယ်အတွင်း တရုတ်တစ်သျှူး ငှက်ပျောကားကြီးများ ဝင်ထွက်သွားလာနေခြင်းကြောင့်

## ပြည်နယ် ဆုံးရှုံးနစ်နာမှုကို လွှတ်တော်ကိုယ်စားလှယ် မေးခွန်းထုတ်

ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ်အတွင်း တရုတ်တစ်သျှူး ငှက်ပျောကားကြီးများ ဝင်ထွက်သွားလာနေခြင်းကြောင့် ပြည်နယ်အတွက် နစ်နာဆုံးရှုံးမှုများစွာရှိကြောင်းကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြုလုပ်သည့် ၁၈ ကြိမ်မြောက် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခဲ့သည်။

တစ်သျှူး ငှက်ပျောစိုက်ပျိုးမှုများသည် ကချင်ပြည်နယ်တွင်း သာမက စစ်ကိုင်းတိုင်းအတွင်းလည်း ရောက်ရှိနေပြီဖြစ်ပြီး သယ်ယူသည့်ကားများသည် ဝန်ပိုသယ်ဆောင်ခြင်းကြောင့် ကချင်ပြည်နယ်ရှိ လမ်းတံတားများ ပျက်စီးယိုယွင်းလာသည်ကို မြင်တွေ့၊ ကြုံတွေ့နေရကြောင်းနှင့် သယံဇာတ ခိုးထုတ်မှုများကိုလည်း ဖြစ်နိုင်ကြောင်း သံသယရှိလာသည်ကို တွေ့ရှိရပြီး ထိုသို့ ဆုံးရှုံးနစ်နာမှုများ ထောက်ရှုပြီး နယ်စပ်ဂိတ်တွင်သာ ကုန်ပစ္စည်း အချိန်းအပြောင်း လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးယုက မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် နယ်စပ်ရေးရာကော်မတီ၏ အစီရင်ခံစာတွင် ကော်မတီ၏ အကြံပြုချက်အနေဖြင့် တင်သွင်းခဲ့သော်လည်း မည်သည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်မှ အစီရင်ခံစာအပေါ် ဆွေးနွေးခြင်းများမရှိခဲ့သလို၊ ပြည်နယ်အစိုးရအနေဖြင့်လည်း လက်ခံစဉ်းစားခြင်း မရှိခဲ့သည့်အတွက် ပြန်လည်မေးမြန်းရခြင်း ဖြစ်ကြောင်းလည်း ဦးတင်ဦးယုက ပြောသည်။

တရုတ်တွဲကားများလွှတ်လပ်စွာ သွားလာနေသည့်အတွက် ကချင်ပြည်နယ်အတွင်းရှိ ကုန်ကားမောင်းဒရိုင်ဘာများ အလုပ်လက်မဲ့ဖြစ်လာသည်ကို တွေ့မြင်ရပြီး အထူးသဖြင့် ယင်းတရုတ်တွဲကားများသည် နံပါတ်ပိတ် သွားလာခြင်းကြောင့် မတော်တဆ ယာဉ်တိုက်မှုများ ဖြစ်သည့်အခါ ရှောင်တိမ်းသွားသည်ကို တွေ့မြင်ရကြောင်း ဦးတင်ဦးယုက တစ်ဆက်တည်း ဆွေးနွေးမေးမြန်းခဲ့သည်။

ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု၏ မေးမြန်းချက်ကို ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက တစ်သျှူးငှက်ပျောတင်ယာဉ်များကို ကန်ပိုင်တည် ကုန်သွယ်ရေး စခန်းတွင် ကုန်ပစ္စည်း အချိန်းအပြောင်း ပြုလုပ်နိုင်ရန်အတွက် ယာဉ်ရပ်နားကွင်းများ၊ ကုန်တင်ကုန်ချကွင်းများ မရှိသည့်အတွက် လတ်တလော ဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။



ထို့ပြင် ကန်ပိုင်တည် နယ်စပ် စီးပွားပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအား ရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC)သို့ တင်ပြထားပြီး ဇန်နဝါရီလ ၇ ရက်နေ့တွင် ပဏာမ စစ်ဆေးပြီးဖြစ်ကြောင်း၊ MIC မှ ခွင့်ပြုချက်ရရှိပါက ကုမ္ပဏီမှ လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ယာဉ်စစ်ဆေးကွင်းများ၊ ယာဉ်ရပ်နားကွင်းများ ဆောက်လုပ်သွားမည် ဖြစ်ကာ လုပ်ငန်းများပြီးစီးမည်ဖြစ်ပါက ကန်ပိုင်တည်နယ်စပ်ဂိတ်တွင် တစ်သျှူးငှက်ပျော သယ်ဆောင်သည့်ယာဉ်များ အပါအဝင် တခြားကုန်စီးဆင်းမှုများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးမှ ထပ်မံဖြေကြားသည်။

ကချင်ပြည်နယ် အတွင်းရှိ မိုးမောက်မြို့နယ်၊ ရွှေကူမြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးငှက်ပျောများ သယ်ဆောင်ရာတွင် မြန်မာယာဉ်များဖြင့်သာ သယ်ဆောင်ပြီး လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံသို့ တင်ပို့လေ့ရှိကြောင်းနှင့် ကန်ပိုင်တည်ကုန်သွယ်ရေး စခန်းသည် ကုန်ပစ္စည်းတင်ယာဉ်များကို စစ်ဆေးရန် ယာဉ်စစ်ဆေးကွင်းများ မရှိသည့်အပြင် ခေတ်မှီစစ်ဆေးသည့် စစ်ဆေးရေးကိရိယာများ တပ်ဆင်ဆောင်ရွက် လုပ်ကိုင်နိုင်ခြင်းမရှိခြင်းကြောင့် ကုန်သွယ်ရေးစခန်း အဖြစ်သာ တည်ရှိနေကြောင်းလည်း ဦးဝေလင်းက ဆက်လက်ဖြေကြားသည်။

ကန်ပိုင်တည် နယ်စပ်ကုန်သွယ်ရေး စခန်းတွင် နေ့စဉ်ပို့ကုန်သွင်းကုန် ယာဉ်အဝင်အထွက် အစီးရေမှာ ၂၀၀ မှ ၅၀၀ ခန့်အထိ ရှိပြီး အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောများ သယ်ဆောင်ရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ တရုတ်ယာဉ်များ အဝင်/အထွက် ခွင့် ခွင့်ပြုချက်များအရသက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိကြောင်း ဦးဝေလင်းမှ ဖြေကြားခဲ့သည်။ ■

မျိုးမြတ်မြတ်ပန်

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၈ ၊ ၂၀၂၀)

# စစ်ရှောင်အမျိုးသမီးတွေရဲ့ နေ့စဉ်တိုက်ပွဲ

မျိုးမြတ်မြတ်ပန် ရေးသားသည်

ကချင်ပြည်နယ်ရဲ့ မြောက်ဖျားပိုင်း တောင်တန်းတွေ ဝန်းရံထားတဲ့ ပူတာအိုမြို့ငယ်လေးမှာ အပူချိန် ၉ ဒီဂရီလောက်ထိ အေးစက်လို့ နေပါတယ်။ ဒီမြို့လေးရဲ့ ၉ ပေပတ်လည်လောက်ရှိတဲ့ အခန်းကျဉ်းလေးတစ်ခုမှာ လူတစ်စုဟာ အအေးဒဏ်ကို အံ့တုလို့ နေပါတယ်။ သူတို့ကတော့ ကချင်ပြည်နယ်ရဲ့ ပဋိပက္ခတွေအကြားမှာ မိမိတို့ကျေးရွာနေအိမ်ကိုစွန့်ပြီး ထွက်ပြေးနေရတဲ့ စစ်ရှောင်ပြည်သူတွေ ဖြစ်ကြပါတယ်။

၂၀၁၃ ခုနှစ် ဩဂုတ်လလောက်က တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကေအိုင်အေတို့အကြား တိုက်ပွဲတွေကြောင့် မချမ်းဘောမြို့နယ် နောင်ခိုင်စစ်ရှောင်စခန်းမှာ ၂ နှစ်နေထိုင်ခဲ့ရပြီး၊ ၂၀၁၅ ခုနှစ်မှာ ပူတာအိုမြို့ လုံ့စွတ်ရပ်ကွက်မှာရှိတဲ့ စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့လာခဲ့ကြရတဲ့သူတွေ ဖြစ်ပါတယ်။

ကိုယ်ခန္ဓာ ပိန်ပိန်ပါးပါးနဲ့ ပန်းရောင်ဆွယ်တာ အင်္ကျီနွမ်းနွမ်းလေး ဝတ်ဆင်ထားသူ ဒေါ်ထုမိုင်က မချမ်းဘောမြို့နယ် အင်ဖီဂါးကျေးရွာမှာ နေထိုင်သူဖြစ်ပြီး၊ လယ် ၂ ဧကနဲ့ တောင်ယာလုပ်ငန်း လုပ်ကိုင်သူ ဖြစ်ပါတယ်။

စစ်ပွဲက တစ်နှစ်ပြီးတစ်နှစ် မငြိမ်းချမ်းနိုင်ဘဲ ရှိနေတဲ့အခါ ဒေါ်ထုမိုင်တို့လို စစ်ရှောင်ပြည်သူတွေ အနေနဲ့ အစိုးရနဲ့ အဖွဲ့အစည်းတွေက ထောက်ပံ့တာကိုမျှော်လင့်နေလို့မရဘဲ ကိုယ့်ဝမ်းရေးအတွက် ကြိုးစားအလုပ်လုပ်နေရတယ်လို့ ဆိုပါတယ်။

အလုပ်အကိုင် အခွင့်အလမ်းရှားပါးတဲ့ ပူတာအိုလို မြောက်ဖျားစွန်း မြို့ငယ်လေးမှာ စစ်ပြေးပြီး ရောက်လာသူတွေအဖို့ အလုပ်အကိုင်ရဖို့က ခက်ခဲလှပါတယ်။

"အရမ်းလည်း စိတ်အားငယ်တယ်။ ဘာအလုပ်ပဲလုပ်ရင်ကောင်းမလဲလို့ အမြဲတမ်း တွေဝေပြီး စိတ်ညစ်ရတယ်"လို့ သူမက ဆိုပါတယ်။

ပူတာအိုမြို့တွင်းမှာ လမ်းခင်းသည့် လမ်းအလုပ်သမား နေ့စားအလုပ်၊ ဝိုင်လုပ်သည့်ကုမ္ပဏီမှာ အသီးညှစ်သည့် နေ့စားအလုပ်နဲ့ ကုန်တင်ကုန်ချ နေ့စားအလုပ်များသာရှိပါတယ်။ ဒီအလုပ်တွေမှာ အမျိုးသမီးတွေအတွက် တစ်ရက် လုပ်အားခအနေနဲ့ မြန်မာငွေ ခြောက်ထောင်ကျပ် ရပါတယ်။ အမျိုးသားဆိုရင် ခုနှစ်ထောင်ကျပ် ရပါတယ်။ ဒါပေမဲ့ နေ့စား အလုပ်တွေဟာ အမျိုးသမီးတွေကို မလိုလားကြပါဘူး။ အမျိုးသမီးတွေဟာ အမျိုးသားတွေလောက် အလုပ်မလုပ်နိုင်ဘူး ဆိုတဲ့ ယူဆချက်နဲ့ အမျိုးသမီးတွေကို လုပ်ခလျှော့ပေးတဲ့အပြင် အမျိုးသမီး အလုပ်သမားတွေကို ငြင်းဆိုလေ့ရှိတယ်လို့ ဒေါ်ထုမိုင်က ပြောပါတယ်။

"လမ်းခင်းတဲ့ အလုပ်က အမြဲမရှိဘူး။ ရှိတဲ့အခါမှာလည်း ကျွန်မတို့ လာတာကို မကြိုက်ဖူး"လို့ သူမက ဆိုပါတယ်။

ဒေါ်ထုမိုင်လိုပဲ လုံ့စွတ် စစ်ရှောင်စခန်းမှာ လာရောက်ခိုလှုံနေရတဲ့ သူကတော့ အသက် ၅၀ ကျော်အရွယ် သား ၆ ယောက်ရဲ့ မိခင်ဖြစ်သူ ဒေါ်ဂျာရော်ဖြစ်ပါတယ်။ သူကလည်း မချမ်းဘောမြို့နယ် အင်ဖီဂါးကျေးရွာက ဖြစ်ပါတယ်။ ဒေါ်ဂျာရော်ကတော့ သစ်သီးဝိုင် ထုတ်လုပ်တဲ့ ကုမ္ပဏီမှာနေ့စားလုပ်ပြီး ဒီဝင်ငွေနဲ့ နေ့စဉ် စားဝတ်နေရေးကို ဖြေရှင်းရပါတယ်။

"တောင်ယာ လုပ်ရင်တော့ စားဖို့က အကုန်အဲဒီက ရတယ်။ ခုတော့ ဝယ်ချည်းပဲဝယ်စားနေရတော့ စုတဲ့ ပိုက်ဆံဆိုလို့ တပြားမှမရှိဘူး။ ရတဲ့ပိုက်ဆံက အကုန်မီးဖိုချောင်သုံးပဲ ဖြစ်သွားတယ်"လို့ ပြောပြပါတယ်။

ပူတာအိုမြို့နယ် လုံ့စွတ်စစ်ရှောင်စခန်းမှာ လူဦးရေ ၃၀၀ နီးပါးနေထိုင်ကြပြီး အမျိုးသမီးနှင့် ကလေး ၂၀၀ ကျော်၊ သက်ကြီးရွယ်အို ၃၀ လောက် နေထိုင်နေကြပါတယ်။ သူတို့အားလုံးက မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ် အင်ဖီဂါး၊ အင်ခါးဂါး၊ ဖကန်ယာန်နှင့် ကနိုင်ယာန် ကျေးရွာတွေကနေ ထွက်ပြေး တိမ်းရှောင်လာခဲ့ကြသူများ ဖြစ်ကြပါတယ်။

ကချင် ပြည်နယ်မှာ ၂၀၁၁ ခုနှစ် ဇွန်လက စပြီး ကချင်လွတ်မြောက်ရေး တပ်မတော်(ကေအိုင်အေ) နဲ့ မြန်မာ့တပ်မတော်တို့ အကြား နေရာအနှံ့အပြား တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာကြောင့် ကချင်ပြည်နယ်ပြည်သူတွေ စစ်ဘေးရှောင်စခန်းတွေမှာ နေထိုင်နေကြရတာ အခု ဆိုရင် ဆယ်စုနှစ်နီးပါးကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်တွေ တစ်သိန်းကျော်ရှိနေပါတယ်။

လုံ့စွတ် စစ်ရှောင်စခန်းက အမျိုးသမီးအများစုဟာ ကြုံရာကျပမ်းနေ့စားအလုပ်တွေကိုသာ မှီခိုလုပ်ကိုင်နေရတာကို တွေ့ရကြောင်း စစ်ရှောင်စခန်းကို တာဝန်ယူစောင့်ကြည့်နေတဲ့ ကေဘီစီဖွံ့ဖြိုးရေးဌာနက သိက္ခာတော်ရဆရာ ဖုန်ထိန့်က ပြောပါတယ်။ စစ်ရှောင်အမျိုးသမီးများအတွက် ဝက်မွေးမြူရေး၊ ဆံပင်ပြာလုပ်သင်တန်း၊ မြေဩဇာလုပ်နည်း၊ ဟင်းသီး ဟင်းရွက် စိုက်ပျိုးနည်း၊ စက်ချုပ်သင်တန်း အခြေခံသင်တန်းတွေကို မြန်မာ့ကြက်ခြေနီအသင်းနဲ့ ကေဘီစီတို့က လာရောက် သင်ကြားပေးခဲ့တာမျိုးတွေရှိပေမယ့် အခြေခံပညာသာ ဖြစ်ပါတယ်လို့ ကေဘီစီဖွံ့ဖြိုးရေးဌာနက သိက္ခာတော်ရဆရာဖုန်ထိန့်က ဆက်လက်ပြောပါတယ်။

"သင်တန်းတွေ လာပေးထားတဲ့ ဟာတွေနဲ့လည်း အမှန်တကယ် လုပ်ကိုင်စားသောက်ဖို့ မလွယ်ကြဘူးဖြစ်နေတယ်။ အရင်းအနှီးမရှိတာ တစ်ကြောင်းနဲ့ မတတ်နိုင်ကြဘူးလေ"ဟု သူက ဆိုပါတယ်။

လက်ရှိ လုံ့စွတ် စစ်ရှောင်စခန်းမှာ အထောက်အပံ့အနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)အဖွဲ့ရဲ့ ထောက်ပံ့ငွေ အိမ်ထောင်စုတစ်စု အတွက် တစ်လ ၁၄၀၀၀ ကျပ် ပေးနေပါတယ်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFP) အဖွဲ့လည်း ကူညီထောက်ပံ့ ပေးနေကြောင်းလည်း သိရပါတယ်။

ပူတာအိုမြို့ လုံ့စွတ်စစ်ရှောင်စခန်းမှ စစ်ရှောင်အမျိုးသမီးတချို့ အလုပ်အကိုင်ရှားပါးမှု ပြဿနာကြုံတွေ့ရမှုတွေကြားက နေရပ်ပြန်ချင်စိတ်တွေ၊ နေရာသစ်ကို ပြောင်းရွှေ့ရမယ့် စိုးရိမ်ပူပန်မှုတွေနဲ့ တွေဝေစိတ်တွေ ခံစားနေရကြောင်း ညှိုးငယ်တဲ့မျက်နှာထားနဲ့ ပြောပြကြပါတယ်။ ■

မျိုးမြတ်မြတ်ပန်



> "အမျိုးသမီးတွေဟာ အမျိုးသားတွေလောက် အလုပ်မလုပ်နိုင်ဘူး ဆိုတဲ့ ယူဆချက်နဲ့ အမျိုးသမီးတွေကို လုပ်ခလျှော့ပေးတဲ့အပြင် အမျိုးသမီး အလုပ်သမားတွေကို ငြင်းဆိုလေ့ရှိတယ်"

# ‘နုနယ်သောဘဝများ ကျိုးပျက်ကြေလွင့်ခြင်း’ အမည်ရ

## သုတေသနအစီရင်ခံစာ ထုတ်ပြန်



မြစ်ကြီးနား၊ဖေဖော်ဝါရီ ၂၀

မျှတမှုကင်းသော မူးယစ်ဆေးဝါးနှိမ်နင်းရေး မူဝါဒများ၏ မလိုလားအပ်သည့် နောက်ဆက်တွဲ ရလဒ်များကို ပြုစုထားသည့် ‘နုနယ်သော ဘဝများကျိုးပျက်ကြေလွင့်ခြင်း’ အမည်ရ သုတေသန အစီရင်ခံစာ မိတ်ဆက်ပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က မြစ်ကြီးနားမြို့၊ သီတာနှစ်ခြင်း ဘုရားကျောင်းဝင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲကို Drug Policy Advocacy Group Myanmar က ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာသည်နိုင်ငံတော် သမ္မတရုံးက ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များကို လက်ခံရယူနိုင်သော မူးယစ်ဆေးဝါး အထူးတိုင်ကြားရေးဌာနကို ဖွင့်လှစ်ခြင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို ဖွဲ့စည်းပြီးနောက်တွင် မြန်မာနိုင်ငံနေရာ အနှံ့အပြား၌ ဖမ်းဆီးအရေးယူခံရသူများ၏ အဖြစ်အပျက်များကို ရေးသားပြုစုထားခြင်း ဖြစ်သည်။

၂၀၁၈ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း အရေးယူခံရသူများကို ဆန်းစစ်ကြည့်ပါက မူးယစ်ဆေး ပမာဏအနည်းငယ်မျှ လက်ဝယ်တွေ့ရှိမှု(ပုဒ်မ၁၆)ဖြင့် အဖမ်းခံရသူများ မှာ ၄၆ ရာခိုင်နှုန်း ရှိကြောင်းနှင့် ထိုသို့ အသေးစားပြစ်မှုများကို ပစ်မှတ်ထား၍ ဖမ်းဆီးအရေးယူခြင်းမှာ အကျဉ်းထောင်ရှိ လစ်လပ်သွားသော နေရာများကို ပြန်လည်ပြည့်နှက်သော အခြေအနေသို့ လျင်မြန်စွာ ရောက်ရှိစေကြောင်း ထိုအစီရင်ခံစာတွင် ပါရှိသည်။

ယင်းကဲ့သို့ အကျဉ်းထောင်များအတွင်း လူဦးရေ ထူထပ်ခြင်းက ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်းကို(ဥပမာ- အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါ၊ တီဘီရောဂါ) မြင့်မားစေကြောင်းနှင့် ကူးစက်ခံရပါက အကျဉ်းသား အချင်းချင်းသာမက ၎င်းတို့၏ မိသားစုများကိုပါ ပြန့်နှံ့စေနိုင်ကြောင်းလည်း ပါရှိသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေး၊ ကုသရေးများအတွက် အစိုးရအနေဖြင့် ဘတ်ဂျက်များကို လုံလောက်အောင် ချပေးစေလိုကြောင်း မူးယစ်ဆေးဝါး မူဝါဒ ပြောင်းလဲခြင်း ထောက်ခံဆွေးနွေးရေး အဖွဲ့(မြန်မာ) (DPAG)မှ ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာနန်းပန်းအိခမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“တစ်ခုက ကုသရေးတို့၊ ပြန်လည် ထူထောင်ရေးဖက်ကိုတော့ စရိတ်ချပေးရင်တော့ ပိုကောင်းတာပေါ့။ အဖမ်းအဆီးဖက်ကိုပဲ စရိတ်များများ ချပေးမယ်ဆိုရင် ကုသရေးဖက်ကိုတော့ အားတော့ နည်းသွားမှာပေါ့”ဟု သူမက ပြောသည်။

မူးယစ်ဆေးဝါးမူဝါဒရေးဆွဲသည့် နေရာတွင် သုတေသန အချက်အလက်များကို မှီငြမ်း စေလိုကြောင်းနှင့် ပြည်သူလူထုများ သာမက သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များလည်း မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ဒေါက်တာနန်းပန်းအိခမ်းကဆက်လက် ပြောသည်။

“အရင်ကတော့ ပုဒ်မ (၁၅)၊ (၁၆)ဆိုရင် (၈)နှစ်ပေါ့နော်။ ဥပမာအားဖြင့် ၅ နှစ်လည်းဖြစ်သွားနိုင်တယ်။ ၆ နှစ်၊ ၇ နှစ်လည်း ဖြစ်သွားနိုင်တယ်။ လူငယ်တွေဆို ထောင်ထဲမှာပဲ အချိန်ကုန်ရတယ်။ ထောင်က ထွက်လာပြီဆိုလို့ ရှိရင်လည်း တကယ်ပျက်သွားပြီး ဆိုတော့လည်း ပျက်ချင်မှလည်း ပျက်မယ်။ ပြန်လည်သုံးစွဲပြီး ကျန်းမာရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေ ရင်ဆိုင်နေတဲ့ သူတွေလည်း အများကြီး ရှိတာပဲ”ဟု ၎င်းက ဆိုသည်။

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ကောက်ယူထားသော စစ်တမ်းများအရ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအကြောထိုးသွင်းသူဦးရေ ၉၃,၀၀၀ ခန့် ရှိကြောင်းနှင့် ၎င်းတို့အကြား မသန့်ရှင်းသော ဆေးထိုးအပ် မျှဝေသုံးစွဲခြင်းကြောင့် သွေးမှတစ်ဆင့် ကူးစက်ရောဂါများ အဖြစ်များပြီး အိတ်ချ်အိုင်ဗွီပိုး (HIV)ကူးစက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝေးလံခေါင်ဖျားသောဒေသများ ဖြစ်သည့် ကချင်ပြည်နယ်တွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်မှုနှုန်းမှာ ၆၀ရာခိုင်နှုန်းအထိရှိ၍ ယင်းကူးစက်မှုနှုန်းမှာ အာရှနိုင်ငံများနှင့် ယှဉ်လျှင် အမြင့်ဆုံးနေရာတွင် ရှိကြောင်း ယင်းအစီရင်ခံစာအရ သိရသည်။

Drug Policy Advocacy Group Myanmar အနေဖြင့် ယင်းပြုစုထားသည့် အစီရင်ခံစာအုပ်ကို မူးယစ်ဆေးဝါး ပြဿနာ အများဆုံး ရင်ဆိုင်နေရသည့် နေရာဒေသများ၊ အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများထံ မျှဝေသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ■

Benadeth

# ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများကို ဆုချီးမြှင့်



ဖေဖော်ဝါရီ ၂၀

၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ခုနှစ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် ၃၀ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဖိလစ်ပိုင်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် (ရွှေ၊ငွေ၊ကြေး)ရရှိခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်မှ ဆုရရှိသည့် အားကစားသမားများအပြင် အခြားအားကစားသမားများကိုလည်း ကချင်ပြည်နယ်အား/ကာမှ ဆက်လက်ပြီး ပြည်နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးမှုများ အပြည့်အဝပေးသွားမည်ဖြစ်ကြောင်း ဦးမြင့်ခိုင်ညွှန်ကြားရေးမှူး (ပြည်နယ်အား/ကာဦးစီးဌာန)က ပြောသည်။

“နောက်နောင်တွေလည်း ဒီထက်မက အားကစားနဲ့ ပက်သတ်ပြီး သင်ကြားပေးတာတွေ ပြည်နယ်အား/ကာအနေနဲ့ ပံ့ပိုးပေးတာတွေ ဆောင်ရွက်ပါမယ်။ သူတို့အားတက်သွားအောင် လုံးဝ ပံ့ပိုးမှုတွေ ပြုလုပ်ပေးသွားမှာပါ”ဟု ဦးမြင့်ခိုင်က ပြောသည်။

ဆုရရှိသော အားကစားသမားများသည် အားကစားနည်း ၁၄ နည်းတွင် ရွှေ ၁၅ ခု ငွေ ၁၃ခု နှင့် ကြေး ၁၆ ခု ရရှိခဲ့ခြင်းဖြစ်ပြီး အားကစားနည်း ၃၂နည်းရှိသည့်အနက် ကချင်ပြည်နယ်က အားကစား နည်း ၂၇ နည်းတွင်သာ ပါဝင်ယှဉ်ပြိုင် နိုင်သေးကြောင်းလည်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ကာ အားကစားသမားများကို လည်ဆွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ■

ဂျာဒွဲ

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၈၊ ၂၀၂၀)

## ရွှေကူမြို့နယ်တွင် တိုင်းရင်းဆေးပညာ အသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ ဆေးကုသပေးခြင်းတို့ ပြုလုပ်



ဖေဖော်ဝါရီ ၁၈

ရွှေကူမြို့နယ်၊ ပေါက်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဒေသခံပြည်သူများကို တိုင်းရင်းဆေးပညာ အသိပညာပေး ဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေး ဟောပြောပွဲတွင် သွေးတိုးရောဂါဖြစ်ပွားရခြင်း အခြေခံအကြောင်းအရင်းနှင့် သွေးတိုးရောဂါ လက္ခဏာများ၊ ဆောင်ရန်ရှောင်ရန် အချက်များ၊ ဆေးလိပ်နှင့် အရက်သောက်ခြင်းကြောင့်ဖြစ်ပွားတတ်သည့် ရောဂါများ စသည်တို့ကို မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်ခိုင်လတ် ရှင်းလင်းဟောပြောခဲ့သည်။

ထို့အပြင် တက်ရောက်လာသည့် ဒေသခံပြည်သူ ၂၀၀ ကျော်ကိုလည်း ရောဂါများ စမ်းသပ်စစ်ဆေးပေးကာ တိုင်းရင်းဆေးဝါးများဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

## စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု ကာမိုင်းမြို့တွင် ပြုလုပ်




ဖေဖော်ဝါရီ ၁၈

စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအဖြစ် စာပေအသိပညာ ဟောပြောခြင်း၊ပုံပြောပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို ယနေ့ဖေဖော်ဝါရီ ၁၈ ရက်နေ့ နံနက် ၁၀ နာရီက ကာမိုင်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားဆောင်ရွက်မှုကို ကာမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိအလိမ္မာ၊ ဉာဏ်ပညာ တိုးတက်မြင့်မားလာကာ စဉ်းစားတွေးခေါ်နိုင်ခြင်း၊ ကိစ္စရပ်များကို မှန်ကန်စွာ ဝေဖန်ပိုင်းခြားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း ကာမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခင်သက်ဦးက ဟောပြောခဲ့သည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများကို ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ သုတ/ရသဆိုင်ရာ စာအုပ်၊စာစောင်များ ငှားရမ်းပေးခြင်း တို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

## Now & Ever ရုပ်ရှင်တွင် ပါဝင်သော ဇာတ်ဝင်ခန်းများကြောင့် ပူတာအိုတွင် ခရီးသွားဦးရေ တိုးလာ




ဖေဖော်ဝါရီ ၁၃

Now & Ever (ထာဝရနှောင်ကြိုး) ရုပ်ရှင်ဇာတ်ကားပြသပြီးချိန်မှစ၍ ပူတာအိုဒေသတွင် ပြည်တွင်းခရီးသွားလာသူ ပိုမိုများပြားလာကြောင်း ကချင်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနမှ သိရသည်။

ထာဝရနှောင်ကြိုးရုပ်ရှင်ကား၏ ဇာတ်ဝင်ခန်းများတွင် ပါဝင်သော ပူတာအိုဒေသ ရှုခင်းများကြောင့် ၂၀၁၉ ခု-နှစ် နှစ်ကုန်ပိုင်းတွင် ပြည်တွင်းခရီးသွား လာရောက်လည်ပတ်မှုမှာ ယခင်နှစ်များထက် သုံးလေးဆခန့်များပြားလာခြင်း ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန ပြည်နယ်မှူး ဦးခိုင်ဝင်းက ပြောသည်။

"အရင်နဲ့ တခြားစီကို ဖြစ်သွားတယ်။ အရင်နှစ်တွေက ပြည်တွင်းခရီးသွားနည်းတယ်။ ဒီနှစ် သုံးလေးလအတွင်းမှာကို ပြည်တွင်း ခရီးသွား ထောင်ဂဏန်းကျော် ရှိခဲ့တယ်။ ပူတာအိုက တည်းခိုခန်းတွေ ဟိုတယ်တွေတောင် မလောက်ဘူး ဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် နှစ်များက ပူတာအိုဒေသ၏ ခရီးသွားလာသူနှုန်းသည် တစ်နှစ်လျှင် ၅၀၀ မပြည့်ခဲ့သော်လည်း ၂၀၁၉ နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းအတွင်း ခရီးသွားလာသူ တစ်ထောင်ကျော် ရှိနေပြီဖြစ်ကြောင်း ပူတာအိုဒေသတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူ ကိုမိုးမင်းသိန်းက ပြောသည်။

ခရီးသွားလာသူ များပြားလာမှုကို အကြောင်းပြုပြီး ခရီးသွားလုပ်ငန်း အကြောင်း နားမလည်ဘဲ စီးပွားရေး လာရောက်လုပ်ကိုင်သူများနှင့် အချို့သော ခရီးသွားများကြောင့် လည်ပတ်စရာ နေရာများတွင် အမှိုက်နှင့် အညစ်အကြေး စွန့်ပစ်မှုများ တွေ့လာရကြောင်း ကိုမိုးမင်းသိန်းက ဆိုသည်။

သဘာဝရှုခင်းများကို ရေရှည်ထိန်းသိမ်းနိုင်ရန် ခရီးသွားများအနေဖြင့် တာဝန်ရှိသကဲ့သို့ ဒေသခံများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပြီး ထိန်းသိမ်းကြရန် လိုအပ်ကြောင်းကိုလည်း ၎င်းက ပြောသည်။

ကချင်ပြည်နယ်၏ လက်ရှိခရီးသွားလုပ်ငန်းအခြေအနေသည် ပုံမှန် တိုးတက်လျက်ရှိနေပြီး ၂၀၁၉ နှစ်ကုန်ပိုင်းတွင် နယ်မြေလုံခြုံရေးအခြေအနေအရ ကန့်သတ်ထားသည့် နယ်မြေအချို့ကိုလည်း ပြန်လည်ဖြေလျှော့ပေးခဲ့သည်။

ကချင်ပြည်နယ်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး သွားလာရန် ကန့်သတ်ထားသည့် ရေခဲတောင် သုံးတောင်ကိုလည်း ဖြေလျှော့ပေးရန် ဆက်လက်ကြိုးစားသွားမည်ဟု အခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။■

Ann

## မီးလောင်ကျွမ်းခဲ့ရသည့် ရှဒူးဇွပ်ရွာဈေးကြီးကို အမြန်ဆုံး ပြန်လည်တည်ဆောက်မည်

ဖေဖော်ဝါရီ ၂၄

ဖားကန့်မြို့နယ်၊ ဝါရာဇွပ်ကျေးရွာအုပ်စု၊ ရှဒူးဇွပ်ကျေးရွာ ဈေးကြီးမီးလောင်ကျွမ်းမှု ဖြစ်ခဲ့သောကြောင့် အမြန်ဆုံး ပြန်လည်တည်ဆောက်သွားမည် ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက ပြောသည်။

မီးလောင်ဆုံးရှုံးသွားသည့် ရှဒူးဇွပ်ဈေးကို ကိုယ့်အားကိုယ်ကိုးဖြင့် ပြန်လည်တည်ဆောက်နိုင်ရေးနှင့် ပတ်သက်ပြီး ဖားကန့်စည်ပင်သာယာရေးအဖွဲ့က ဈေးဒီဇိုင်းနှင့် အကွက်ချပုံစံများကို ဈေးကော်မတီနှင့် ညှိနှိုင်းရေးဆွဲပေါင်းစပ်ပြီး ရှဒူးဇွပ်ကျေးရွာ ဈေးကော်မတီသို့ ပေးအပ်ထားပြီး ဖြစ်သည်။

အဆိုပါ ဒီဇိုင်းနှင့်အကွက်ချပုံစံအတိုင်း ကျေးရွာဈေးကော်မတီမှ ကိုယ့်အားကိုယ်ကိုး ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်လာပါက အဖွဲ့အင်ဂျင်နီယာမှ ငွေကြေးကိုင်တွယ်သုံးစွဲခြင်း လုံးဝမရှိဘဲ ကြည့်ကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီက ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

ထို့အပြင် ဈေးရေပေးရေးနှင့် မီးဘေးကာကွယ်ရေးအတွက် ၄ လက်မ စက်ရေတွင်း တစ်တွင်းကို ရေတင်စက်၊ အမြင့်တင်ရေကန်၊ မီးသတ်ရေမှုတ်များ ဆောင်ရွက်ပေးနိုင်ရန် အတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားရေးဆွဲထားပြီး ဖြစ်ကြောင်း ဦးနော်လီ၏ ဖြေကြားချက်တွင် ပါဝင်သည်။

ထို့ကြောင့် ဈေးအသစ် ပြန်လည် တည်ဆောက်နိုင်ရေးနှင့် ပတ်သက်ပြီး ခွင့်ပြုချက်ရရှိနိုင်ရန် ပြည်နယ်အစိုးရထံ တင်ပြထားပြီးဖြစ်သည့်အတွက် ခွင့်ပြုချက်ရရှိလာပါက သက်ဆိုင်ရာကော်မတီကို စည်ပင်သာယာရေးအဖွဲ့မှ အကူအညီလိုအပ်လာပါက လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ထပ်ဆင့် ဖြေကြားခဲ့သည်။

အဆိုပါ ဈေးကြီးသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်အချိန်တွင် လောင်ကျွမ်းခဲ့မှုကြောင့် ဈေးတွင်းရှိ ဆိုင်ခန်းပေါင်း ၄၄၀၊ အိမ်ထောင်စု ၈၃ စု အပါအဝင် လူဦးရေ ၁၅၇ ဦး အိုးအိမ်မဲ့ ဖြစ်ခဲ့ခြင်းကြောင့် မိုးမကျမီပြန်လည်ထူထောင်ရေး လုပ်ငန်းတစ်ရပ်အဖြစ် ဈေးကြီးကို အမြန်ဆုံး တည်ဆောက်နိုင်ရန် အစီအစဉ်ရှိ/မရှိကို ဖားကန့်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးHလအောင်က ကချင်ပြည်နယ်လွှတ်တော် ၁၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။ ■

မျိုးမြတ်မြတ်ပန်

# တရုတ်နိုင်ငံ ရှမ်းတုန်းပြည်နယ်ရောက် မြန်မာအလုပ်သမားများ နေရပ်ပြန်ခွင့်မရ



ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံ ရှန်းတုန်းပြည်နယ် ရုန်ချန်မြို့ရှိ ဝေါင်ရှန်း ပင်လယ်စာ စက်ရုံတွင် အလုပ် လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများသည် နေရပ်သို့ မပြန်နိုင်ဘဲ ပိတ်မိနေကြောင်း အဆိုပါ အလုပ်သမားများထံမှ သိရသည်။

အဆိုပါ ပင်လယ်စာစက်ရုံတွင် မြန်မာလုပ်သား ခန့်မှန်းခြေ ၄၀၀ ကျော် ရှိပြီး စာရင်းကောက်ခံရရှိချက်အရ အယောက် ၂၀၀ ကျော်ရှိကြောင်း အမည်မဖော်လိုသူ မြန်မာအလုပ်သမား တစ်ဦးက ပြောသည်။

မြန်မာ အလုပ်သမားများတွင် ကိုယ်ဝန်ဆောင်မိခင်၊ နာမကျန်းလူနာ၊ အသက်အရွယ် ကြီးရင့်သူများနှင့် တရုတ်ပြည်တွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာပိုင်းရပ်စ်ကြောင့် နေရပ်သို့ပြန်လိုသူများ ရှိနေသော်လည်း ကုမ္ပဏီမှ နေရပ်ပြန်ရန် ပိတ်ပင်ထားမြစ်ထားကြောင်း ၎င်းက ပြောသည်။

"မြန်မာပြည်ကို ပြန်ချင်ပေမယ့် ကုမ္ပဏီကနေ ပိတ်ထားတယ် မပြန်နိုင်ဘူး။ အပြင်လည်း မထွက်နိုင်ဘူး။ ကုမ္ပဏီတံခါးရှေ့မှာတော့ စာရွက်အနီနဲ့ ဘာကပ်ထားလဲတော့ မသိဘူး။ ပိတ်ထားသလိုနဲ့ အထဲမှာတော့ မြန်မာလုပ်သားတွေကို နိုင်းစားနေတာမျိုးတွေ ရှိတယ်" ဟု အဆိုပါ အလုပ်သမားက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး မြန်မာသံရုံးသို့ ဆက်သွယ်ထားရာ နေရပ်ပြန်နိုင်ရေးအတွက် လုပ်ဆောင်ပေးသွားမည် ဖြစ်သော်လည်း ခေတ္တ စောင့်ဆိုင်းပေးရန် ပြောထားကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားများ အချင်းချင်းစည်းရုံးကာ တောင်းဆိုမှုများ ပြုလုပ်ရာတွင်လည်း စက်ရုံမှ အရေးယူမှုများရှိကြောင်းနှင့် ယခုကဲ့သို့ ကြန့်ကြာနေမှုအတွက် စိုးရိမ်စိတ်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်မှ ပြောသည်။

"အလုပ်သမားတွေကို စည်းရုံးပြီး လုပ်မယ်ဆိုလည်း ခေါင်းဆောင်တွေကို ကုမ္ပဏီက ပြဿနာရှာပြီး ဖမ်းတယ်။ မောင်းထုတ်တယ်။ ရှေ့က ဥပမာတွေကို ကြည့်လိုက်ရင် ပင်လယ်ဖက်ကိုပို့ပြီး အဆက်အသွယ် ဖြတ်လိုက်တယ်။ သေလား၊ ရှင်လားတောင် မသိတာတွေရှိတယ်"ဟု ၎င်းက ပြောသည်။

တရုတ်တွင် ပိတ်မိနေပြီး ဆက်သွယ်လာသည့် မြန်မာလုပ်သားများကို နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေပြီး အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးဇော်ဝင်းက ပြောသည်။

တရုတ်ပြည်တွင် ကိုရိုနာပိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် တရုတ်အာဏာပိုင်များက တရားမဝင် လာရောက်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများကို နေရပ်ပြန်ရန် သတိပေးခဲ့ပြီး မြန်မာအလုပ်သမား အများအပြား တရုတ်ပြည်တွင် ပိတ်မိလျက် ရှိနေကြောင်း သိရသည်။ ■

Ann

# NRPC မှ "လူငယ်များနှင့် မတူကွဲပြားမှုများကြားမှ စည်းလုံးညီညွတ်မှု" ဆိုသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်



ဇန်နဝါရီ ၂၄

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပဟိုဌာန(NRPC)မှ ကြီးမှူး၍ "လူငယ်များနှင့် မတူကွဲပြားမှုများကြားမှ စည်းလုံးညီညွတ်မှု" ဆိုသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၂၅ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကိုထက်ပိုင်စိုး၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးနိုင်ငံလင်း၊ ငြိမ်းချမ်းရေးအတွက်ပံ့ပိုးဆောင်ရွက်သူ မအေက်စ်တာနှင့် ဦးဆောင်ဆွေးနွေးသူအဖြစ် မြစ်ကြီးနားတက္ကသိုလ်မှ ကိုသျှိုင်းဇာနည်ကျော် တို့က ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောက်ဆုံးအခြေအနေ၊ လူငယ်များနှင့် မတူကွဲပြားမှုများကို ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို ပြန်လည်စုစည်း တင်ပြခြင်းနှင့် အွန်လိုင်းလုံခြုံရေးနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနေဝင်း တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ၄ နာရီအထိ ပြုလုပ်ခဲ့ကြသည်။ ■

မျိုးမြတ်မြတ်ပန်

# လိပ်ကျောက်တူးယူမှုကို တားမြစ်ထားသော်လည်း ညအချိန်တူးဖော်မှုများ ရှိနေဆဲ

ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ငွေပျော်စံပြကျေးရွာ အနီး အင်ခိုင်ဘွမ် အမျိုးသား ဥယျာဉ်အတွင်း လိပ်ကျောက် တူးဖော်နေမှုကို တာဝန်ရှိသူများက ဝန်ခံဂတိလက်မှတ်ထိုးစေကာ တားမြစ်ခဲ့သော်လည်း ညအချိန်တွင် တူးဖော်သူများ ဆက်လက်ရှိနေကြောင်း သိရသည်။

"တူးဖော်သူ မရှိတော့ဘူးလို့ပြောရင်လည်း မဟုတ်ဘူးဗျ။ နေ့ဘက်မှာတော့ လူက မရှိပေမယ့် ညဘက်မှာ တစ်ယောက်စ နှစ်ယောက်စတွေရှိတယ်" ဟု ငွေပျော်စံပြကျေးရွာ တာဝန်ခံ ဦးတောင်းဆာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အင်ခိုင်ဘွမ် အမျိုးသား ဥယျာဉ်အတွင်း ဒေသအခေါ် လိပ်ကျောက်ဟု ခေါ်သည့် Agate အလှဆင်ကျောက်များ ထွက်ရှိသည့်အတွက် ဒေသခံများက သွားရောက်တူးဖော်လျက်ရှိရာ သစ်တောဦးစီးဌာနမှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လိပ်ကျောက်တူးဖော်နေသူများကို သဘာဝသစ်တောနှင့် ပတ်သက်သည့် အသိပညာပေးမှုများ လုပ်ဆောင်ပေးခဲ့သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် လိပ်ကျောက် တူးဖော်လျက်ရှိသည့် ဒေသခံ ၃၅၉ ဦးကို ဆက်လက်တူးဖော်ခြင်းမပြုရန် ခံဝန်လက်မှတ် ထိုးစေပြီး တားမြစ်ခဲ့သည်။

အမျိုးသား ဥယျာဉ်အတွင်း လိပ်ကျောက်တူးဖော်သူများကို ဖမ်းဆီးအရေးယူမည်ဆိုပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၄၀ အရ ထောင်ဒဏ် ၅ နှစ်၊ ငွေဒဏ် ၃ သိန်းမှ ၁၀ သိန်းထိ ပြစ်ဒဏ်သတ်မှတ်ထားပြီး ဒဏ်နှစ်ရပ်လုံးလည်း ပြစ်ဒဏ်ကျခံရနိုင်သည်။

ငွေပျော်စံပြကျေးရွာအနီး အင်ခိုင်ဘွမ်ဥယျာဉ် အနီးတစ်ဝိုက်တွင် လိပ်ကျောက် တူးဖော်နေမှုကို စတင်ပြုလုပ်ခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် သစ်တောဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေးမှုများ လုပ်ဆောင်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်ကာ ဆိုင်းဘုတ်များစိုက်ထူခဲ့ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့က စတင်ဖမ်းဆီးခဲ့သော်လည်း ညအချိန်တွင် ဆက်လက်တူးဖော်သူများ ရှိနေဆဲ ဖြစ်သည်။ ■

အက်စတာ








မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၈ ၊ ၂၀၂၀)

# အမျိုးသားတံခွန်စိုက် ကာယအလှမောင် / မယ် အားကစားပြိုင်ပွဲတွင်

# ကချင်ပြည်နယ်မှ အမျိုးသမီးနှစ်ဦး ဆုအသီးသီးရရှိ




မြစ်ကြီးနား၊ဖေဖော်ဝါရီ၂၃

ရန်ကုန်မြို့တွင် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ အမျိုးသားတံခွန်စိုက် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်သူ နှစ်ဦးမှ ပထမဆုနှင့် တတိယဆုတို့ကို အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ဝိုင်းမော်သူ နှစ်ဦးဖြစ်သည့် မဝတ်ရည်နှင်းနှင့် မတင့်ညွန့်ထွန်းတို့က အမျိုးသမီး Model Physique(၁၆၀ စင်တီမီတာနှင့် ၁၆၀ စင်တီမီတာအထက်)၌ အလွတ်တန်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ ဆုများ အသီးသီး ရရှိခဲ့ကြခြင်း ဖြစ်သည်။

မဝတ်ရည်နှင်း (၁၆၀စင်တီမီတာ)ဖြင့် ပထမဆု ငွေကျပ် ၃သိန်း နှင့် ရွှေတံဆိပ်ဆု၊ မတင့်ညွန့်ထွန်း(၁၆၀ စင်တီမီတာ အထက်)ဖြင့် တတိယဆု ငွေကျပ် ၁သိန်း နှင့် ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြပြီး ၎င်းတို့မှ လာမည့်ဇွန်လ၌လာအိုနိုင်ငံတွင် ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကြီးအတွက် ပဏာမအဆင့် ရွေးချယ်ခံရကြောင်း သိရသည်။

ပညာရေး ဝန်ထမ်းတစ်ဦးဖြစ်သောကြောင့် အချိန်များ ခွဲဝေကာ ခန္ဓာကိုယ်ကျစ်လစ်လှပအောင် ကြိုးစားခဲ့ရကြောင်းနှင့် ထိုသို့ အားထုတ်မှုကြောင့် ဆုရခဲ့သည့်အပြင် လာအိုနိုင်ငံတွင် ကျင်းပမည့် ပြိုင်ပွဲအတွက် ပဏာမအဆင့် ရွေးချယ်ခြင်း ခံရသောကြောင့် ပျော်ရွှင်မိကြောင်း မဝတ်ရည်နှင်းက မြစ်ကြီးနား သတင်းဂျာနယ်သို့ ပြောသည်။

"အမျိုးသမီးတစ်ယောက်အနေနဲ့ ပိုပြီးတော့ ခက်ခဲပါတယ်။ အမျိုးသားတွေထက် ပိုပြီးကြိုးစားရတယ်။ ကျွန်မဆိုရင် ပညာရေးဝန်ထမ်းဖြစ်တဲ့အတွက် ကျောင်းကလည်း တစ်ဖက်၊ Gym ကလည်းတစ်ဖက် အချိန်ကို ခွဲဝေရတာ အရမ်းခက်ခဲပါတယ်"ဟု သူမက ပြောသည်။

ယင်း ပြိုင်ပွဲမတိုင်မီ ခန္ဓာကိုယ်အတွက် ဖြည့်တင်းရသည့် အစားအသောက်များကိုသာ စားသုံးခဲ့ရသောကြောင့် ပင်ပန်းခဲ့ရကြောင်းနှင့် လာမည့် ပဏာမအဆင့်မှ ထပ်မံရွေးချယ်မည့် ပြိုင်ပွဲအတွက်လည်း အကောင်းဆုံး ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မတင့်ညွန့်ထွန်းက ဆိုသည်။

"ပြိုင်ပွဲအတွက် အရမ်းကြိုးစားခဲ့ရတယ်။ မိန်းကလေး တွေ အများစုက အစားကြိုက်ကြတယ်။ လုံးဝအစားလျှော့ရတယ်။ ဖြတ်ရတယ်။ အဲ့ဒီ အစားအစာအစား ကြက်ဥပြုတ်၊ ကြက်သားပြုတ်တို့ မစားချင်ရင်တောင်မှ အရွက်ကို အံကြိတ်ပြီးစားခဲ့ရပါတယ်"ဟု၎င်းက ပြောသည်။

ပဏာမအဆင့် ရွေးချယ်ခြင်းခံရသည့် ၎င်းတို့ နှစ်ဦးအနေဖြင့် လာမည့် ဧပြီလ၊ ရန်ကုန်မြို့တွင် ပြန်လည် လူစိစစ်ရွေးချယ်ခံရမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရပါက လာအိုနိုင်ငံအထိ ဆက်လက်ယှဉ်ပြိုင်မည့် အခွင့်အရေးကို ရရှိသွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အဖြစ်ပဏာမ ရွေးချယ်ခြင်းခံရသောကြောင့် ဝမ်းသာပီတိဖြစ်မိကြောင်းနှင့် လာအိုနိုင်ငံတွင်ကျင်းပမည့်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရန် အကောင်းဆုံး ပံ့ပိုးကူညီသွားမည် ဖြစ်ကြောင်းနှင့် ၎င်းတို့ ကြိုးစားအားထုတ်မှုအတွက် ပျော်လင့်မိကြောင်း ၎င်းတို့နှစ်ဦးကို လေ့ကျင့်သင်ကြားပေးသည့် ဆရာဂျဝါနော်အောင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဆက်လက်ပြီး ပါဝင်ခွင့်ရဖို့ အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမယ်။ သူတို့နှစ်ယောက်ရော အရမ်းကြိုးစားတဲ့အတွက် ကျွန်တော့်အနေနဲ့လည်း အများကြီးမျှော်လင့်ထားပါတယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲကြီးတွင် မြန်မာတစ်နိုင်ငံလုံးမှ ကာယ အလှမောင်/မယ်များ အလွတ်တန်း မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ၎င်းတို့ (၂)နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလွတ်တန်း ကာယအလှမယ် ပြိုင်ပွဲတွင် ရန်ကုန်မြို့မှ (၅) ဦးနှင့် ကချင်ပြည်နယ်မှ သူမတို့(၂)ဦး ပါဝင်ခဲ့၊ ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။ ■

Benadeth

# မြစ်ကြီးနားမြို့ ဗန်းမော်မြို့တို့မှ ကိုယ်အင်္ဂါမသန်စွမ်း လူနာများကို အခမဲ့ခွဲစိတ်ကုသပေးခဲ့

မြစ်ကြီးနား၊ ဇန်နဝါရီ၂၅

The Leprosy Mission Myanmar၏ အစီအစဉ်ဖြင့် ကျွမ်းကျင်သော ခွဲစိတ်ဆရာဝန်ကြီးများမှ ကိုယ်တိုင်လာရောက်ပြီး မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့များမှ ကိုယ်အင်္ဂါမသန်စွမ်း လူနာ(၃၈)ဦးကို အခမဲ့ ခွဲစိတ်ကြည့်ရှု ကုသနိုင်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုတွင် နယ်သာလန်နိုင်ငံမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီး Dr. Willem J. Theuvenet ခေါင်း ဆောင်သော ခွဲစိတ်ဆရာဝန်(၃)ဦးနှင့် မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး (အရိုး)ဦးဆောင်သော အဖွဲ့တို့ ပူးပေါင်းကာ အခမဲ့စစ်ဆေး ခွဲစိတ်ကုသပေးခဲ့ခြင်း ဖြစ်သည်။

၎င်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ မီးလောင်/ အပူလောင်ခြင်းကြောင့် ခြေလက် ကောက်ကွေးနေသူများကို အခမဲ့ ကုသပေးခြင်း ဖြစ်သည်။

ဆရာဝန်ကြီးများမှ မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီး အရိုးကုသဆောင်တွင် ပြင်ပလူနာစုစုပေါင်း (၈၂)ဦးကို ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး အခမဲ့ ခွဲစိတ်ကုသပေးသူ(၃၀)ဦးရှိခဲ့ကြောင်းနှင့် ဗန်းမော်မြို့တွင်လည်း လူနာ(၃၄)ဦးရှိခဲ့ပြီး အခမဲ့ ခွဲစိတ်ကုသပေးသူ(၈)ဦး ရှိခဲ့ကြောင်း သိရသည်။

ခက်ခဲ၍ အကူအညီလိုအပ်နေသော ပြည်သူလူထုများကို ကျွမ်းကျင်သော ဆရာဝန်ကြီးများမှ ကိုယ်တိုင်လာရောက်ပြီး ၎င်းတို့တတ်မြောက်သောပညာရပ်များဖြင့် အခမဲ့ လာရောက်ကုသပေးလိုခြင်း ရည်ရွယ်ချက်ဖြင့် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း မြစ်ကြီးနားဆေးရုံကြီးမှ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာကေနော်အောင်က မြစ်ကြီးနား သတင်းဂျာနယ်သို့ ပြောသည်။

"မွေးရာပါ လက်ကစ်တဲ့ရောဂါတွေကျတော့ တစ်ခါတလေ ကျွန်တော်တို့ ခွဲဖို့ အတွေ့အကြုံမရှိဘူး။ ကျွန်တော်တို့ ဆီလာရင် ရန်ကုန်၊ မန္တလေးတို့ လက်ပိုင်းဆိုင်ရာ ခွဲစိတ်တဲ့နေရာ လွှတ်ရတယ်။ တချို့လူတွေက အဲ့ဒီကို မသွားနိုင်တော့ သူတို့ကို အဓိက ရည်ရွယ်ပြီး ကုသပေးသွားမယ်"ဟု ဒေါက်တာကေနော်အောင်က ဆိုသည်။

The Leprosy Mission Myanmar သည် ပထမအကြိမ် ကချင်ပြည်နယ်သို့ လာရောက်ကုသစဉ်က မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးတွင် ခြေလက်မသန်စွမ်း လူနာများနှင့် အရိုးရောဂါ လူနာစုစုပေါင်း (၂၁၂)ယောက်ကို ကြည့်ရှုကုသပေးခဲ့ပြီး လူနာ(၄၉)ဦးကို ခွဲစိတ်ကုသပေးခဲ့ကာ အလားတူ ပူတာအိုမြို့တွင်လည်း ကုသမှုခံယူသူ စုစုပေါင်း(၃၆)ဦးအနက် (၁၉) ဦးကို ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် ခွဲစိတ်ဆရာဝန်ကြီးများမှ လာရောက်ကုသသည့် ယင်းအစီအစဉ်ကို မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီလ (၃)ရက်နေ့မှ (၇) ရက်နေ့ထိ ပြုလုပ်ခဲ့ပြီး ဗန်းမော်မြို့တွင်လည်း ဖေဖော်ဝါရီလ(၈) ရက်နေ့မှ (၁၁)ရက်နေ့ထိ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ■

Benadeth

# ရောက်လာမှာ

## သီချင်းနဲ့ ပရိသတ်လက်ခံမှုရလာသူ

# အောင်ဆိုင်းဒူ နှင့်

## တွေ့ဆုံခြင်း

Benadeth မေးမြန်းသည်




**ဒီအပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ အနုပညာနဲ့ပတ်သတ်ပြီး အဆိုကို ငယ်စဉ်ကတည်းက ရူးသွပ်တာ ငွေရေးကြေးရေး အခက်အခဲကြားကနေ ကြိုးစားခဲ့ပြီး နေရာတစ်ခုရရှိနေပြီဖြစ်တဲ့ အဆိုရှင်အောင်ဆိုင်းဒူနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။**

**အနုပညာလောကကို ဘယ်အချိန်က ခြေလှမ်းစတင်ခဲ့တာလဲ။**

လွန်ခဲ့တဲ့ ၂၀၀၆၊ ၂၀၀၇ ကနေ စဖြစ်ခဲ့တယ်။ ပထမစီးရီးလုပ်ဖို့ ၂၀၀၈ကနေ စပြီးပြင်ဆင်တယ်။ ၂၀၁၆မှာမှ ပထမစီးရီး အနမ်းများရဲ့ လက်ဆောင် ထွက်ရှိခဲ့တယ်။ သုံးနှစ်လောက် ဟသွားတယ်။ သီချင်းဆိုတာကို ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့တယ်။ သီချင်းတွေ လိုက်ဆိုရင်း အခုလိုဖြစ်လာခဲ့တာပါ။

**အနုပညာအလုပ်ကို ကိုယ့်အနေနဲ့ ဘယ်လိုခံယူထားလဲ။**

အသက်မွေးဝမ်းကျောင်း အဲဒီအဆင့်ထိတော့ မဖြစ်သေးဘူး။ ကျွန်တော်က ဝါသနာရှင်အဆင့်ပဲ ရှိပါသေးတယ်။ ဝါသနာအရမ်းပါလို့ ဝါသနာအပေါ် အခြေခံပြီး လုပ်ဖြစ်တာဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ ဆရာ၊ ဆရာကြီးတွေ အများကြီး ရှိသေးတဲ့အတွက် ကျွန်တော်က ဝါသနာရှင်လေးလို့ပဲ ခံယူထားတယ်။ လိုအပ်ချက်တွေ အများကြီးလည်း ရှိပါသေးတယ်။

**ဒုတိယအခွေထုတ်ဖို့ (၃)နှစ်လောက် အချိန်ကြာသွားတာက ဘာကြောင့်လဲ။**

အဓိက က ငွေရေးကြေးရေးကြောင့်ပေါ့။ ကျွန်တော်က အရမ်းရှိတဲ့ အသိုင်းအဝိုင်းက ဆင်းသက်လာတာ မဟုတ်တဲ့အတွက် ပိုက်ဆံတွေ စုတယ်။ မော်တွေသွားတယ်။ အဲဒီကနေ ပိုက်ဆံစုပြီးမှ ဒုတိယအခွေကို လုပ်ဖြစ်ခဲ့တယ်။

**အခုတစ်ခေါက် အခွေက ပထမခွေနဲ့ ကွဲပြားအောင် ဘယ်လို ဖန်တီးထားလဲ။**

မတူညီတဲ့ပုံစံလေးတွေ ရှိပါတယ်။ ပထမအခွေနဲ့ မတူညီတဲ့ ဟာတွေ ဖန်တီးထားတယ်။ သီချင်းအမျိုးအစားကတော့ ကျွန်တော် ဆိုနေကျပါမယ်။ နည်းနည်းတော့ ခွဲထွက်အောင် လုပ်ထားပါတယ်။ ကချင်ပြည်၊ မြစ်ကြီးနားသားဆိုတော့ ကချင်ပြည်နယ်ရဲ့ သဘာဝအလှ အသားပေးပြီး ရိုက်ထားတယ်။ ရန်ကုန်ရဲ့ မြို့ပြရဲ့ အလှကိုလည်း ပြထားတယ်။ (၂) ပိုင်းခွဲလိုက်တာပေါ့။ ရန်ကုန်မှာ တဝက်၊ မြစ်ကြီးနားမှာ တစ်ဝက် ရိုက်လိုက်တယ်။

**ရောက်လာမှာ သီချင်းကို ဘယ်လိုရေးစပ်ဖြစ်ခဲ့တာလဲ။**

ဒီသီချင်းက ကိုယ်ပိုင်သံစဉ်သီချင်း မဟုတ်ဘူး။ ကျွန်တော်က မလေးရှားသီချင်းကို အရမ်းကြိုက်တယ်။ အရမ်းကြိုက်တော့ ကျွန်တော့်ရဲ့တေးရေးဆရာ သူငယ်ချင်းလည်းဖြစ်၊ အစ်ကိုလည်းဖြစ်တဲ့ တေးရေးအလွမ်းကို ကျွန်တော်ပြောတယ်။ ကျွန်တော် မလေးရှားသီချင်းကို ဒေါင်းလုတ်ဆွဲတော့ ကြိုက်လို့ ဘယ်လိုလဲ။ ရေးပေးမလား။ ပြလိုက်တော့ သူရော ကြိုက်တယ်။ နှစ်ယောက်လုံး အကြိုက်ချင်းတူပြီး စာသားပြန်တီထွင်ရေးစပ်ပြီး ဆိုဖြစ်သွားတာပါ။ ဒီသီချင်းက Copy သီချင်းတော့ ဟုတ်တယ်။ ကျွန်တော်အရမ်းကြိုက်လို့ ဖန်တီး သီဆိုဖြစ်သွားတာပါ။

**'ရောက်လာမှာ' သီချင်းခွေထဲမှာကိုအောင်ဆိုင်းဒူနဲ့သက်ဆိုင်တဲ့ သီချင်းလေးများ ပါလား။**

အကုန်လုံးနဲ့ သက်ဆိုင်မယ်လို့လည်း ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အရမ်းကြိုက်ပါတယ်။ ရောက်လာမှာကျတော့ ကျွန်တော်တို့ ယောကျ်ားတွေပေါ့။ ကိုယ်ချစ်ရတဲ့ ချစ်သူကို ကိုယ့်ဘက်က မပြည့်စုံတော့ ပြည့်စုံတဲ့ အချိန်လေးကို စောင့်ခိုင်းတဲ့ သဘောဖြစ်တယ်။ အချိန်နည်းနည်းလေးတော့ စောင့်ပေးဖို့။ ရောက်အောင်လာခဲ့မယ်။ ကျွန်တော်နဲ့သက်ဆိုင်တဲ့ အပိုင်းလေးလည်း ရှိပါတယ်။

**အခုဆိုရင် 'ရောက်လာမှာ' သီချင်းက လိုင်းပေါ်မှာရော ကြည့်ရှုသူများနေတဲ့အပေါ် ကိုယ့်ရဲ့ ခံစားချက်လေးကို ပြောပြပေးပါဦး။**

အားပေးတဲ့သူတွေ များတော့ ပျော်တာပေါ့ဗျာ။ ကျွန်တော်တို့လို မျက်နှာသစ်အဆိုရှင်တွေရဲ့ သီချင်းကို သူငယ်ချင်း၊ မိတ်ဆွေ အပေါင်းအသင်းတွေ၊ ပရိသတ်တွေကို ကျေးဇူးတင်တယ်။ မထင်ဘူး။ အဲ့လောက်ကြီး ကြည့်ပေးကြတော့ ဘုရားသခင်ကို ကျေးဇူးတင်တယ်။ သူတို့ ကြည့်ပေးတဲ့ ခံစားချက်က ဘာနဲ့မှ မတူဘူး။ စိတ်ထဲမှာ အရမ်းလည်း လှိုက်လှိုက်လှဲလှဲ သူတို့ကို ကျေးဇူးတင်တယ်။

**နောက်ထပ် အနုပညာအလုပ်တွေကို ဘယ်လိုဆက်လုပ်သွားဖို့ ရှိလဲ။**

ကျွန်တော် လုပ်နိုင်သေးသ၍ ဘုရားသခင်ကနေ အသက်ပေးနေသေးသ၍ သီချင်းလေးတွေကို ဖန်တီးလုပ်သွားမယ်။

**နောက်ထပ် ဖြည့်စွက်ပြီး ဘာများပြောချင်လဲ။**

နားထောင်မိတဲ့ သူငယ်ချင်းမိတ်ဆွေ၊ ပရိသတ်တွေအနေနဲ့ သူတို့လိုချင်တဲ့ ပန်းတိုင်တွေ၊ ဖြစ်ချင်တဲ့အရာလေးတွေ ကျွန်တော့်ရဲ့ 'ရောက်လာမှာ' Title Song လိုပဲ အားလုံးအပေါ် ကံကောင်းခြင်းတွေ ကျရောက်ပါစေ။ ကိုယ်ချစ်တဲ့သူ၊ မြတ်နိုးတဲ့သူဆီ အရောက်ကို ရောက်လာနိုင်ကြပါစေလို့ ကျွန်တော် ပြောချင်ပါတယ်။ ပြီးတော့ နားဆင်သူ တစ်ဦးချင်း အပေါ်မှာလည်း စိတ်၏ကျန်းမာခြင်း၊ ကိုယ့်၏ချမ်းသာခြင်းနဲ့အတူ အရာရာ အဆင်ပြေကြပါစေလို့ ပြောချင်ပါတယ်။ နားဆင်ပေးပြီး Facebook ကနေပဲဖြစ်ဖြစ်၊ လိုင်းကနေတစ်ဆင့် လွတ်လွတ်လပ်လပ် ဆိုးသည်၊ ကောင်းသည် ဝေဖန်သုံးသပ်ပေးကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော် နောက်ထပ် ဘာလိုတယ်၊ အားနည်းနေတယ်ဆိုတာ သိရဖို့ သူတို့ စကားသံလေးတွေ လိုတယ်။ တစ်ယောက်တည်း မှန်နေတယ်။ တစ်ယောက်ထဲ ဟုတ်နေတယ်ဆိုရင်လည်း မဟုတ်သေးဘူးပေါ့။ ၂၁ ရက်နေ့မှာ မြန်မာတစ်နိုင်ငံလုံး ဝယ်ယူအားပေးနိုင်ပါပြီ။ ■

Benadeth

### အသိပေးကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၁၉၂)တွင်နေထိုင်သော မောင်ဇော်ဖန်းအောင်(၁/မကန(နိုင်)၁၄၈၁၆၉) ၏မွေးသက္ကရာဇ်အမှန်မှာ (၃၁၊၇၊၁၉၉၂)ဖြစ်ကြောင်း တရားဝင်အသိပေးကြေညာအပ်ပါသည်။

# 'ဆောင်းနှောင်း' အခမဲ့ပန်းချီပြပွဲ၏ ရောင်းရငွေ အချို့ကို

## တက်သစ်စ ပန်းချီဝါသနာရှင်လူငယ်များ အတွက် အသုံးပြုသွားမည်




မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၂၀

ပန်းချီ အနုပညာရှင်များ နှင့် တက်သစ်စ ပန်းချီဝါသနာရှင်လူငယ်များ ပူးပေါင်းကာ ပထမဦးဆုံးအကြိမ်ကျင်းပသည့် "ဆောင်းနှောင်း' အခမဲ့ပန်းချီပြပွဲ၏ ရောင်းရငွေ အချို့ကိုတက်သစ်စ ပန်းချီဝါသနာရှင်လူငယ်များ ပိုမိုထွန်းကားလာစေရန် လုပ်ဆောင်သွားမည့် လုပ်ငန်းများအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၁၂ ရက်နေ့အထိ စီတာပူ၊ နှောင်ရာ လမ်းသွယ်(၁)၊ No.66 (Bungshi Art Gallery)၌ ပြုလုပ်ခဲ့သည့် ယင်းပြပွဲတွင် Acrylic, Water-Colour (ရေဆေးပန်းချီ)၊ ခဲဖြင့် ရေးဆွဲထားသည့် ကချင်ပြည်နယ်ကို သဘာဝရှုခင်း အလှအပရသများကို ခံစားစေမည့် ပန်းချီကားချပ်ပေါင်း (၆၀) ဝန်းကျင်ကို ပြသခဲ့ရာမှ Acrylic ဖြင့် ရေးဆွဲထားသော ပန်းချီကားချပ် (၅) ကားရောင်းထွက်ခဲ့ပြီး ငွေကျပ်အားဖြင့် ကျပ်သိန်း (၂၀)ဝန်းကျင် ရရှိခဲ့သည်။

ပန်းချီကား (၅)ချပ်မှ ရောင်းရငွေ၏ အချို့ငွေများကို ပန်းချီဝါသနာရှင်များ စုစည်းရာ 'Manau Land Young Artists Group' ၏ ရှေ့ဆက်ရမည့် လုပ်ငန်းဆောင်တာ များအတွက် အသုံးပြုသွားရန် စုဆောင်းခြင်း ဖြစ်ကြောင်း 'Manau Land Young Artists Group' ၏ နာယကဖြစ်သူ ဦးအင်ခွမ်ဘရန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ရောင်းရတာကနေ (၁) ရာခိုင်နှုန်းကိုတော့ ပန်းချီလူငယ်ပညာရှင် လူငယ်အဖွဲ့ ပိုပြီး ရှင်သန်လာအောင် စုဆောင်းထားတာ ဖြစ်တယ်" ဟု ဦးအင်ခွမ်ဘရန်က ပြောသည်။

အဆိုပါ ပန်းချီပြပွဲကို ပန်းချီအနုပညာရသကို နားလည်ပြီး ခံစားတတ်စေရန်၊ တက်သစ်စ ပန်းချီဝါသနာရှင်လူငယ်များကို လက်တွဲခေါ်ယူလိုခြင်း၊ ကချင်ပြည်နယ်၏ ရိုးရာအလှအပများ၊ သဘာဝပတ်ဝန်းကျင် အလှအပများကို ဖော်ထုတ်ရန်နှင့် လူမျိုး၊ ဘာသာမရွေး အနုပညာ၌ အားတက်သရောပါဝင်လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုခြင်းဖြစ်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ပန်းချီပြပွဲကို လာမည့် ဧပြီလအတွင်းတွင်လည်း ထပ်မံပြုလုပ်ရန် အစီအစဉ်ရှိကြောင်းနှင့် ကချင်ပြည်နယ်ရှိ ပန်းချီဝါသနာရှင် လူငယ်များသည်လည်း 'Manau Land Young Artists Group' သို့ အဖွဲ့ဝင်အဖြစ်ပါဝင်လိုပါက စီတာပူ၊ နှောင်ရာ လမ်းသွယ်(၁)၊ No.66 (Bungshi Art Gallery) နှင့် Cafe 60 ဆိုင်များတွင် နာမည်စာရင်း လာရောက်ပေးသွင်းနိုင်ကြောင်းလည်း သိရသည်။ ■

Benadeth

မြစ်ကြီးနားသတင်းဂျာနယ်ကို
လပေး နှစ်ချုပ် မှာယူနိုင်ပါပြီ

## Samsung Galaxy Z Flip




Samsung ရဲ့ မျိုးဆက်အသစ်ဖြစ်တဲ့ Samsung Galaxy Z flip ကဈေးကွက်ထဲကို ရောက်လာပါပြီ။ Samsung ကုမ္ပဏီက သူ့ရဲ့ကုန်ပစ္စည်းအသစ်ဖြစ်တဲ့ Samsung Galaxy Z flip ကို ၂၀၂၀၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ မိတ်ဆက်ခဲ့ပါတယ်။ Samsung Galaxy Z flip ကပုံမှန် မိုဘိုင်းဖုန်းတွေနဲ့ ကွဲထွက်ပြီး တီထွင်ထားတာတွေ့ရပါတယ်။ အထူးသဖြင့် ပုံမှန်ဖန်သားပြင်နဲ့ ခေါက်သိမ်းလို့ရအောင် တီထွင်ထားက ပုံမှန် မိုဘိုင်းဖုန်းပုံစံတွေထဲကနေ ဖောက်ထွက်ထားတယ်ဆိုတာသိသာလှန်းပါတယ်။ Samsung Galaxy Z flip ရဲ့ ထူးခြားချက်ကလည်း တခြားဖုန်းတွေနဲ့မတူဘဲ ဖုန်းအလယ်ကနေ ခေါက်သိမ်းလို့ရတာပါ။ ဖုန်းရဲ့ အလေးချိန်က ၁၈၃ ဂရမ်အလေးချိန် ရှိပါတယ်။ ဖန်သားပြင်ကိုကျတော့ Samsung ရဲ့သုံးနေကျ ဖန်သားပြင် Gorilla Glass 6 ကိုအသုံးပြုထားပြီး အလူမီနီယံ ဖရိန်နဲ့ ဘောင်ကွတ်ထားပါတယ်။ 8GB Ram အထိရှိပြီး internal storage က 256 GB အထိ အသုံးပြုလို့ ရပါတယ်။ Samsung Galaxy Z Flip က မိုဘိုင်းဖုန်းသုံးစွဲသူတွေအတွက် ထူးခြားတဲ့ပုံစံနဲ့ ခံစားမှုအသစ်တွေပေးစွမ်းနိုင်မယ်ဆိုတာ သေချာနေပါပြီ။

(ဆိုင်းတူး အင်တာနက်မှကိုးကားသည်)







ABC ရဲ့ထူးခြားသာလွန်မှုကို
ခံစားရင်း ကျပ်သိန်း (၁၀၀)
ရယူလိုက်ကြစို့
ABC
Free 1 Can
၁ ဘူး
1,000 kyats
၁၀၀၀ ကျပ်
500 kyats
၅၀၀ ကျပ်
PREMIUM STOUT · CRAFTING GREATNESS
ARCHIPELAGO BREWERY COMPANY
ABC
EXTRA STOUT
INTERNATIONAL AWARD WINNING STOUT
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဘူးလက်ဆောင်များကိုဝယ်ယူသည့် အရောင်းဆိုင်များတွင် တစ်ခါတည်းထုတ်ယူနိုင်ပါသည်။ မဲပေါက်သောဘီယာဘူး လက်ဆောင်များအား မဲမပါသောရိုးရိုးဘီယာသံဘူးများဖြင့်သာလဲလှယ်ပေးပါမည်။
၃ ရန်ကုန် ၊ မန္တလေးနှင့် မြစ်ကြီးနားစသည့် မြို့များတွင်သာ ပေါက်မဲဆုများကိုလဲလှယ်နိုင်သည်။
၄ သိန်း (၁၀၀) ဆုမဲကြီးအားသက်ဆိုင်ရာ ရုံးခွဲတွင် HEINEKEN Myanmar Enterprise Limited ၏ သတ်မှတ်ထားသည့်အချိန်တွင်သာလာရောက် ထုတ်ယူနိုင်မည် ဖြစ်ပါသည်။
၅ အကယ်၍ အငြင်းပွားမှုများ (သို့မဟုတ်) အတုအပပြုလုပ်မှုများနှင့် မမှန်ကန်သောနည်းလမ်းများ တစုံတရာပေါ်ပေါက်လာပါက ABC Extra Stout ( HEINEKEN Myanmar Enterprise Limited) သည်သာလျှင်အတည်ပြု ဆုံးဖြတ်ခွင့်နှင့် သဘောတူ လုပ်ပိုင်ခွင့် အပြည့်အဝ အလုံးစုံရှိသည်။
၆ HEINEKEN Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖက်စပ် ကုမ္ပဏီများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့် မိသားစုဆွေမျိုးများ ပါဝင်ကံစမ်းခွင့်မရှိပါ။
အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို www.facebook.com/ABCExtraStoutMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
၂၀၂၀ ဖေဖော်ဝါရီလ(၁)ရက်နေ့မှ ပစ္စည်းလက်ကျန် ရှိသည့်အချိန်အထိသာ (ဆုမဲများကို ၂၀၂၀ ၊ ဧပြီလ(၃၀)ရက်ထိသာလဲလှယ်နိုင်ပါသည်။)
ကံစမ်းမဲ
ကံစမ်းမဲ အမှတ်တံဆိပ် ရိုက်နှိပ်ထားသော သံဘူးကို ဝယ်ယူပါ။
ABC Extra Stout သံဘူးများ၏ သံကွင်း အတွင်းဘက်ကို ကြည့်ပါ။
1,000 kyats
ပေါက်မဲများကိုအထက် ပါကုမ္ပဏီများဖြင့် တိုက်ရိုက် စစ်ဆေးပါ။
+18 ABC EXTRA STOUT ကိုချင့်ချိန်သုံးဆောင်ပါ။




ရွှေတချင် ရန်ကုန် - မန္တလေး - မြစ်ကြီးနား - တနိုင်း - ဖားကန့် - ကသာ - အင်းတော်ကြီး - ညောင်ပင်
EXPRESS အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး တိုက်ရိုက်ခရီးစဉ်
မြစ်ကြီးနား အိမ်တိုင်ရာရောက် ခရီးသည်နှင့်တန်ဆန်ပစ္စည်းများလည်း ပို့ဆောင်ပေးသည်။
မြစ်ကြီးနားဂိတ် - မြစ်ဖျားရောကားကွင်း ၀၉-၄၀၀၀၂၉၉၃၊ ၀၉-၀၇၇၇၇၇၀၅၃၃၊ ၀၉-၇၇၄၄၀၆၈၈၉
မြစ်ကြီးနားမြို့တွင်းဂိတ် - ရောရုပ်ရှင်ရုံအနီး၊ ရောရပ်ကွက်၊ ၀၉-၄၄၄၉၉၉၁၂၃၊ ၀၉-၇၉၉၉၉၉၅၃၃
ဝိုင်းမော်ဂိတ် - အထက (၂) ကျောင်းအနီး၊ ရွှေဘုံနန်းရွှေဆိုင်ဘေး၊ ၀၉-၂၆၆၆၄၇၇၇၄၊ ၀၉-၇၈၅၇၇၇၇၅၄
မန္တလေးဂိတ် - ၂၃x၂၄ ကြား၊ ၈၈x၈၉ ကြား၊ သီရိမန္တလာကားကွင်း၊ ၀၉-၄၀၂၆၅၄၁၇၃၊ ၀၉-၄၄၄၀၂၈၇၉၀၊၀၉-၂၀၄၂၂၇၂
ရန်ကုန်ဂိတ် - အောင်မင်္ဂလာကားကွင်း၊ ၀၉-၇၇၇၇၇၀၅၂၂၊ ၀၉-၅၁၇၉၁၁၂၊
အောင်ဆန်းကွင်း - ၀၉-၂၅၆၇၇၇၇၅၂၊ ၀၉-၇၇၂၅၅၅၅၂၈

# ပြင်သစ်ယဉ်ကျေးမှုဌာန ရန်ကုန်ဓာတ်ပုံပြိုင်ပွဲများတွင် ပညာရှင်အဆင့် ပထမဆုကို လေးနှစ်ဆက်တိုက် ကချင်လူငယ်များရရှိ




ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့ ပြင်သစ်ယဉ်ကျေးမှုဌာနမှ ကြီးမှူးကျင်းပသည့် ရန်ကုန်ဓာတ်ပုံပြိုင်ပွဲများတွင် ပညာရှင်အဆင့် ပထမဆုကို ကချင်လူငယ်ဓါတ်ပုံပညာရှင်များမှ လေးနှစ်ဆက်တိုက် ရရှိခဲ့သည်။

ယခုနှစ် ကျင်းပသည့် ၁၂ ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပြိုင်ပွဲတွင် ပညာရှင်အဆင့် ပထမဆုအနေဖြင့် ‘အလှဘုရင်မ’ဟူသော ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ အလွတ်တန်း ဓာတ်ပုံဆရာ ကိုခွန်းလီက ရရှိခဲ့ခြင်းဖြစ်ပြီး "For My People" ဟူသောခေါင်းစဉ်ဖြင့် အထူးဆုကို ကချင်ပြည်နယ် အခြေစိုက် လွတ်လပ်သောအာရှအသံ သတင်းထောက် မအဲလိဇဘက်ဂျန်မာက ရရှိပြီး တက်သစ်စ ဓာတ်ပုံပြိုင်ပွဲတွင် ကချင်ပြည်နယ် စစ်ရှောင်စခန်းတွင် နေထိုင်သူ မီဇူမီက ဒုတိယ ဆုရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကိုခွန်းလီက တရုတ်ပြည်နယ်စပ် ကချင်စစ်ရှောင် စခန်းက အမျိုးသမီးများကို တစ်ဖက် တရုတ်နိုင်ငံသို့ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားရန် စေခိုင်းမှုနှင့်ပတ်သက်သည့် အကြောင်းကို ရိုက်ကူးတင်ဆက်ခဲ့ခြင်း ဖြစ်သည်။

“ကျွန်တော် ဒီပုံကိုရိုက်ထားတာ တစ်နှစ်ကျော်ပြီ ဒီလိုတရုတ်ပြည်ကို အတင်းအဓမ္မ မင်္ဂလာဆောင်ခိုင်းတာ တစ်နှစ်ကို ဆယ်ယောက်လောက်ရှိတယ်။ ဒီစတိုရီကိုတော့ တရုတ်နယ်စပ် ဖရဲဘက်မှာ သွားရိုက်ခဲ့တာပါ။ ဒါဟာ အများပြည်သူ သိသင့်တယ် ဆိုပြီးရိုက်ခဲ့တာ”ဟု ကိုခွန်းလီက ရှင်းပြသည်။

ထို့အပြင် အထူးဆုရရှိခဲ့သည့် မအဲလိဇဘက်ဂျန်မာကလည်း အမျိုးသမီးတွေ ပါဝင်မှု ထောက်ပြချင်သည့်အတွက်ကြောင့် သွားရောက်ရိုက်ကူးခြင်း ဖြစ်ကြောင်း ပြောသည်။

“အမိက အမျိုးသမီးတွေဟာအမျိုးသားတွေနဲ့ တန်းတူ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာကို ပြချင်လို့ပါ။ ဒီလို ရဲရင့်တဲ့ အမျိုးသမီးတွေဟာ အအေးပဲ မဟုတ်ပါဘူး။ အစိုးရစစ်တပ်ထဲမှာရော ကေအိုင်အေတပ်တွေမှာရော ရှိနေပါတယ်။ သူတို့ရဲ့ လုပ်နိုင်စွမ်း၊ သတ္တိတွေကို ဖော်ထုတ်ပေးချင်လို့ပါ”ဟု For My People ဟူသော ခေါင်းစဉ်ဖြင့် အထူးဆုရရှိခဲ့သော အဲလိဇဘက်ဂျန်မာက ပြောသည်။

အဆိုပါ ပြင်သစ်ယဉ်ကျေးမှု ဓာတ်ပုံပြိုင်ပွဲများတွင် ၂၀၁၇ ခုနှစ်တွင် The For Gotten War ခွန်းလတ်၊ ၂၀၁၈ခုနှစ်တွင် I feel Save ခေါင်စဉ်ဖြင့် ဆိုင်းမိုင်၊ ၂၀၁၉ ခုနှစ်တွင် The Peace House ခေါင်းစဉ်ဖြင့် ခွန်းလတ် ၂၀၂၀ ခုနှစ်တွင် အလှဘုရင်မခေါင်းစဉ်ဖြင့် ခွန်းလီတို့က ပညာရှင်အဆင့်ပထမဆုအား အသီးသီးရရှိထားခြင်း ဖြစ်သည်။ ■

Ah Je

## ကျောက်မျက်ကုမ္ပဏီတစ်ခုမှ

# ဥပဒေမဲ့အနိုင်ကျင့်သည်ဟုဆိုကာ မိသားစုသုံးဦး ဆန္ဒထုတ်ဖော်




ဖေဖော်ဝါရီ ၁၇

စိမ်းလဲ့ရတနာဝင်းကုမ္ပဏီ၏ ဥပဒေမဲ့ အနိုင်ကျင့်မှု ဖြေရှင်းပေးရေးအတွက် ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကုဋ္ဌေကျေးရွာမှ မိသားစု ၃ ဦးက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် သယံဇာတရုံးရှေ့တွင်ဖေဖော်ဝါရီလ ၁၇ရက်နေ့မှ ၂၃ ရက်နေ့အထိ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ရခြင်းမှာ အိမ်ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ စိမ်းလဲ့ရတနာဝင်းကုမ္ပဏီက မြေစာပစ်လမ်း ဖောက်လုပ်လိုက်ခြင်းကြောင့်ဖြစ်သည်ဟု ကိုဆွေမင်းထွန်းက ပြောသည်။

“မြေစာလမ်း ဖောက်တဲ့အထဲ အိမ်နားက ၁၇ အိမ် ပါတယ်။ ကျွန်တော့်အိမ်ပဲ မဟုတ်ဘူး။ ကျန်တဲ့အိမ်တွေက အကုန်ဖြေရှင်းပေးတယ်။ ကျွန်တော့်အိမ်ကျတော့ မဖြေရှင်းပေးဘူး”ဟု ကိုဆွေမင်းထွန်းက ပြောသည်။

အဆိုပါ အိမ်ခြံကျူးကျော်ခံရခြင်းသည် ၃ နှစ်ကျော်ခန့်ရှိပြီဖြစ်ပြီး ယင်းကိစ္စနှင့်ပတ်သက်ပြီး သေချာစစ်ဆေးကာ သက်ဆိုင်ရာဌာနဆိုင်ရာမှ ကူညီပေးသင့်ဟု လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြောသည်။

“အဲ့ဒါလေးတော့ မဖြစ်သင့်ပါဘူး။ နိုင်ငံသားပဲ အခွင့်အရေးဆိုတာ ပြဋ္ဌာန်းထားပြီးသား ဖြစ်တယ်။ ပိုင်ဆိုင်မှု ရှိတယ်၊ မရှိဘူးဆိုတာ သက်ဆိုင်ရာက စစ်ဆေးပြီးမှသူကို ကူညီပေးသင့်တယ်”ဟု ဝန်ကြီးက ဆိုသည်။

အထက်ပါ ကိစ္စသည် ၂၀၁၇ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံနှင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်တို့တွင်လည်း အဆင့်ဆင့် တိုင်စာများပို့ထားကြောင်းလည်း သိရသည်။ ■

Ah Je